ကြေးမုံ
The Mirror

၁၃၆၆ ခုနှစ်၊ ပြာသိုလဆန်း ၅ ရက်၊ သောကြာနေ့၊ (14-1-2005) (၄၄၇၈)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မရွေ့မပြောင်းနိုင်သောပစ္စည်း လွှဲပြောင်းခြင်းကို ကန့်သတ်သည့်ဥပဒေကို ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

မရွေ့မပြောင်းနိုင်သောပစ္စည်း လွှဲပြောင်းခြင်းကိုကန့်သတ်သည့် ဥပဒေကို ပြင်ဆင်သည့်ဥပဒေ

(နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေ အမှတ် ၁/၂၀၀၅)

၁၃၆၆ ခုနှစ်၊ ပြာသိုလဆန်း ၄ ရက်

(၂၀၀၅ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို မရွေ့မပြောင်းနိုင်သောပစ္စည်း လွှဲပြောင်းခြင်းကို ကန့်သတ်သည့် ဥပဒေကို ပြင်ဆင်သည့်ဥပဒေဟုခေါ်တွင်စေရမည်။

၂။ မရွေ့မပြောင်းနိုင်သောပစ္စည်း လွှဲပြောင်းခြင်းကို ကန့်သတ်သည့် ဥပဒေ၏ပုဒ်မ ၈နှင့်ပုဒ်မ ၉တို့တွင်ပါရှိသော "မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့"ဆိုသည့် စကားရပ်ကို "မြို့နယ်မှတ်ပုံတင်အဖွဲ့"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၃။ မရွေ့မပြောင်းနိုင်သောပစ္စည်း လွှဲပြောင်းခြင်းကို ကန့်သတ်သည့် ဥပဒေ၏ ပုဒ်မ ၁၀ကို အောက်ပါအတိုင်း အစားထိုးရမည်—

"၁၀။ ပုဒ်မ ၈ သို့မဟုတ် ပုဒ်မ ၉ အရ မရွေ့မပြောင်းနိုင်သော ပစ္စည်းကို မှတ်ပုံတင်ရန်ပျက်ကွက်မှု ရှိ၊ မရှိ၊ မှတ်ပုံတင်ရာတွင် မှန်ကန်မှုရှိ၊ မရှိနှင့် ထိမ်ချန်မှုရှိ၊ မရှိတို့ကို သက်ဆိုင်သည့် မြို့နယ်မှတ်ပုံတင်အဖွဲ့က လုပ်ထုံး လုပ်နည်းများနှင့်အညီ စုံစမ်းစစ်ဆေးပြီး စုံစမ်းစစ်ဆေး တွေ့ရှိချက်ကို ခရိုင်အုပ်ချုပ်ရေးမှူးထံသို့ တင်ပြရမည်။"

၄။ မရွေ့မပြောင်းနိုင်သောပစ္စည်း လွှဲပြောင်းခြင်းကိုကန့်သတ်သည့် ဥပဒေ၏ ပုဒ်မ ၁၃ ကို အောက်ပါအတိုင်း အစားထိုးရမည်—

"၁၃။ ပုဒ်မ ၈ သို့မဟုတ် ပုဒ်မ ၉ အရ မရွေ့မပြောင်းနိုင်သောပစ္စည်းကို မှတ်ပုံတင်ရန် တာဝန်ရှိသူမည်သူမဆို မှတ်ပုံတင်ရန်ပျက်ကွက်ကြောင်းသို့မဟုတ် မှတ်ပုံတင်ရာ၌ တမင် မမှန်မကန်ဖော်ပြကြောင်း သို့မဟုတ် ထိမ်ချန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူသည် ထောင်ဒဏ် အနည်းဆုံး တစ်နှစ်မှ အများဆုံး သုံးနှစ်အထိ ချမှတ်ခြင်းခံရမည့်အပြင် ပြစ်မှုနှင့်အကျုံးဝင်သည့် မရွေ့မပြောင်းနိုင်သော ပစ္စည်းကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။"

(ပုံ) သန်းရွှေ

ဗိုလ်ချုပ်မှူးကြီး

ဥက္ကဋ္ဌ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

ဧရာဝတီတိုင်း၌ လာမည့်နှစ်တွင် မိုးစပါးစိုက်ဧက တစ်သိန်းတိုး၍ ဧက ၃၆သိန်း စိုက်ရန်လျာထား ရော်ဘာ ဧကငါးသောင်းစိုက်ပျိုးရန် စီစဉ်လျက်ရှိရာ ကျေးလက်ပြည်သူများ စိုက်ပျိုးရန် စည်းရုံးပို့ပိုး ဒေသနှင့်ကိုက်ညီသည့် ရော်ဘာကောင်းကို နည်းလမ်းသုံးသွယ်ဖြင့် စိုက်ပျိုးကြရန် ကူညီဆောင်ရွက်ပေး

ရန်ကုန် ဇန်နဝါရီ ၁၃

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ကာကွယ်ရေး ဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် ဇန်နဝါရီ ၁၁ရက် နံနက် ၆နာရီတွင် ရန်ကုန်မြို့မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာပြီး ဧရာဝတီတိုင်း ညောင်တုန်းမြို့နယ်ရှိ ဗိုလ်မြတ်ထွန်းတံတားသို့ ရောက်ရှိရာ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်၊ ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများက ကြိုဆိုကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ ကာကွယ်ရေး ဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းနှင့် အဖွဲ့ဝင်များ ဧရာဝတီတိုင်း ကျောင်းကုန်းမြို့နယ် ဓိးချောင်ကျေးရွာအုပ်စုရှိ နွေစပါးစိုက်ခင်း၌ အသုံးပြုလျက်ရှိသည့် ပုသိမ်စက်မှုဇုန်က တီထွင်ထုတ်လုပ်သော လက်လှည့်ရေတင်ကိရိယာကို ကြည့်ရှုစစ်ဆေးကြစဉ်။(သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၁၄-၁-၂၀၀၅
(သောကြာနေ့)

အမျိုးသားညီလာခံကြီး အောင်မြင်ပြီးမြောက်စေရေး ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများ ဝိုင်းဝန်းဆောင်ရွက်

နိုင်ငံတော်အစိုးရသည် အမျိုးသားရေးမူဝါဒနှင့်အညီ အမိပြည်ထောင်စု မြန်မာနိုင်ငံတော်ကို အဘက်ဘက်က ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးအဖြစ် အကောင်အထည်ဖော် တည်ဆောက်လျက်ရှိရာတွင် အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို ဦးစားပေးလုပ်ငန်းအဖြစ် ကြိုးပမ်းခဲ့ရာ အောင်မြင်မှုအခြေခံကောင်းများ ရရှိနေပြီဖြစ်သည်။

တစ်ချိန်တည်းတွင် အမျိုးသားစီးပွားရေးဘဝ ခိုင်မာတောင့်တင်းပြီး နိုင်ငံတော်ကြီး အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာရေး အတွက် စီးပွားရေးစီမံကိန်းအဆင့်ဆင့်ကို ချမှတ်ဆောင်ရွက်လျက်ရှိရာ ပြည်သူတို့၏ ပူးပေါင်းပါဝင်မှုစွမ်းအားဖြင့် ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများ ဖြစ်ထွန်းလျက်ရှိသည်။

ယနေ့ကာလတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက မြန်မာနိုင်ငံ၏သမိုင်းကြောင်း အခြေခံများနှင့်အညီ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ပေါ်လာရေးအတွက် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်ဖော်ဆောင်လျက်ရှိသည်။

နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်တွင်ပါရှိပြီး အခြေခံဥပဒေရေးဆွဲနိုင်ရေးအတွက် အရေးအကြီးဆုံး အဆင့်ဖြစ်သည့် အမျိုးသားညီလာခံကြီးကို ကျင်းပလျက်ရှိရာ ၂၀၀၄ ခုနှစ် မေလ ၁၇ ရက်နေ့မှ ဇူလိုင်လ ၉ ရက်နေ့အထိ အမျိုးသားညီလာခံ၏ ကဏ္ဍတစ်ရပ် အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီဖြစ်သည်။

အမျိုးသားညီလာခံ ကိုယ်စားလှယ်များတွင် တိုင်းရင်းသား ကိုယ်စားလှယ်များ၊ တောင်သူလယ်သမား၊ အလုပ်သမား ကိုယ်စားလှယ်များနှင့် အခြားဖိတ်ကြားသင့်သည့် ကိုယ်စားလှယ်အများစုသည် တောင်သူလယ်သမားများဖြစ်ကြ၍ လယ်ယာလုပ်ငန်းခွင် ဝင်ရောက်လုပ်ကိုင်ချိန်၌ ညီလာခံကို ခေတ္တရပ်နားခဲ့သည်။

ယခုအခါ ပွင့်လင်းရာသီသို့ရောက်ရှိလာပြီဖြစ်၍ အမျိုးသားညီလာခံကို ၂၀၀၅ ခုနှစ် ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင် ရန်ကုန်တိုင်း ညောင်နှစ်ပင်စခန်း၌ ပြန်လည်ကျင်းပတော့မည်ဖြစ်သည်။

အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီတို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီလ ၁၁ ရက်နေ့က ရန်ကုန်မြို့ ကျိုက္ကဆံကွင်းရှိ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် အစည်းအဝေးခန်းမ၌ကျင်းပရာ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ အမှာစကားပြောကြားခဲ့သည်။

အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာတွင် **ယခင်ကျင်းပပြီးစီးခဲ့သည့် အတွေ့အကြုံများအပေါ် သင်ခန်းစာယူပြီး လိုအပ်ချက်၊ ချို့ယွင်းအားနည်းချက်မရှိအောင်၊ ပြည့်စုံအောင် ပြုပြင်ဆောင်ရွက်ကြစေလိုကြောင်း၊ ငွေကြေးသုံးစွဲမှုတွင်လည်း ခြိုးခြံချွေတာပြီး အလေအလွင့်မရှိအောင် ကြပ်မတ်ဆောင်ရွက်ကြစေလိုကြောင်း** မှာကြားခဲ့သည်။

အမျိုးသားညီလာခံကြီး ပြန်လည်ကျင်းပရန် အချိန်နီးကပ်လာပြီဖြစ်ရာ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီတို့က လိုအပ်သော ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ရာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ပေါ်လာရေးအတွက် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိရာ ပထမအဆင့်နှင့် အဓိကအကျဆုံးဖြစ်သည့် အမျိုးသားညီလာခံကြီးအောင်မြင်ပြီးမြောက်စေရေး တာဝန်ရှိသူအသီးသီးက ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

၂၀၀၅ခုနှစ် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေး ဦးတည်ချက်များ

- ☆ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊
- ☆ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ် ရှင်သန်ထွန်းကားရေး၊
- ☆ ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး၊
- ☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး၊
- ☆ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။

ပေါင်းလောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းလုပ်ငန်းများ ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးနှင့် ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၁၃

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးနှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်တို့သည် ဇန်နဝါရီ ၉ ရက်တွင် မန္တလေးတိုင်း ရမည်းသင်းခရိုင် ပျဉ်းမနားမြို့ အရှေ့ဘက် ၁၀ မိုင်ခန့်အကွာရှိ ပေါင်းလောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းသို့ရောက်ရှိကြပြီး တည်ဆောက်နေသည့် စီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြသည်။

ရှေးဦးစွာ ဝန်ကြီးများအား စီမံကိန်းရှင်းလင်းဆောင်၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၅) ညွှန်ကြားရေးမှူး ဦးဗစ်တာက ပင်မကျောက်ဖြည့်တမံနှင့် ရေပိုလွှဲတည်ဆောက်မှုလုပ်ငန်းများ၏ ပြီးစီးမှု အခြေအနေနှင့် သတ်မှတ်အမြင့်ပေ ရောက်ရှိရန် ပင်မတမံ ကျောက်ဖြည့် လုပ်ငန်းတို့ကိုလည်းကောင်း၊ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စန်ဝင်းက ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်းများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဝန်ကြီးများသည် တစ်နှစ်ပတ်လုံး ဆည်ရေသိုလှောင်နိုင်သည့် အခြေအနေ၊ စီးဝင်သည့် ရေပမာဏ၊ ရေအားလျှပ်စစ် ထုတ်လုပ်ရေးအတွက် ရေအသုံးပြုမည့် အခြေအနေတို့ကို တာဝန်ရှိသူများနှင့် ညှိနှိုင်းဆွေးနွေးကြသည်။

ဆက်လက်၍ဝန်ကြီးများနှင့် ဒုတိယဝန်ကြီး ဦးမျိုးမြင့်တို့သည် ရှုရပ်မှ ရေလှောင်တမံနှင့် ရေသိုလှောင်ထားမှုတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဝန်ကြီးများသည် ဆည်မြောင်းဦးစီးဌာနက တည်ဆောက်နေသည့် ကျောက်ဖြည့် ပင်မတမံတွင် သတ်မှတ် RL ပြည့်မီရန် ကျောက်ဖြည့်မှု လုပ်ငန်းနှင့် တမံ၏ ကြံ့ခိုင်မှုတို့ကို ကြည့်ရှု စစ်ဆေးကြပြီး တာဝန်ရှိသူများအား လုပ်ငန်းများ အချိန်မီပြီးစီးအောင်ကြိုးပမ်းဆောင်ရွက်ရေး၊ သေသပ်ခိုင်ခံ့မှုရှိရေး၊ လေလွင့်ဆုံးရှုံးမှုမရှိရေး၊ လုပ်ငန်းတိုင်းတွင် ခြိုးခြံချွေတာရေးတို့ကို မှာကြားကြသည်။

ယင်းနောက်ဝန်ကြီးများသည်လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်ဦးစီးဌာနက တည်ဆောက် နေသည့် မြေအောက် ဓာတ်အားပေးစက်ရုံ၊ တာဘိုင်စက်သုံးလုံး တပ်ဆင်ပြီးစီးမှု၊ ကျန်ရှိသည့် အမှတ်(၁) တာဘိုင်စက် တပ်ဆင်နေမှုလုပ်ငန်းနှင့် ဓာတ်အားထိန်းချုပ်ခန်းတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ပေါင်းလောင်း ဘက်စုံရေလှောင်တမံစီမံကိန်းသည် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာနက ပေါင်းလောင်းမြစ်ပေါ်တွင် ရေသိုလှောင်နိုင်ရန် အလျားပေ ၃၁၀၀၊ အမြင့် ပေ ၄၃၀၊ ထိပ်ဝအကျယ် ၄၆ ပေရှိသည့် ကျောက်ဖြည့်အမျိုးအစား ပင်မတမံနှင့်အလျား ၁၆၀၈ ပေ၊ အကျယ် ပေ ၄၁၀ ရှိသည့် ရေပိုလွှဲ၊ ဆည်ရေသောက်စနစ်တို့ကို တည်ဆောက်လျက်ရှိပြီး လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ် ဦးစီးဌာနက မြေအောက်ဓာတ်အားပေး စက်ရုံများမှတစ်ဆင့် တစ်လုံးလျှင် လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၇၀ ထုတ်လုပ်ပေးနိုင်သည့် စက်လေးလုံး တပ်ဆင်၍ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၂၈၀ ထုတ်လုပ်နိုင်ရန် လုပ်ငန်းများ ပြီးစီးရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ဌေးဦးနှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်တို့ ပေါင်းလောင်း ရေလှောင်တမံ ဘက်စုံစီမံကိန်း လုပ်ငန်းခွင်တွင် ကြည့်ရှုစစ်ဆေးစဉ်။
(လယ်ယာ/ဆည်မြောင်း)

တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်မှ သင်တန်းသားများ ရန်ကုန်မြို့သို့ လေ့လာရေးခရီးလာရောက်မည့်ကိစ္စ ညှိနှိုင်းစည်းဝေး

ရန်ကုန် ဇန်နဝါရီ ၁၃

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ (ဘီအီးဒီ) လေးနှစ်သင်တန်း အမှတ်စဉ်(၃၆) သင်တန်းသား၊ သင်တန်းသူများ၏ ရန်ကုန်မြို့သို့ လေ့လာရေးခရီးစဉ် လာရောက်မည့်ကိစ္စနှင့် စပ်လျဉ်း၍ စီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့ ညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၁၂ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ ပြည်သူ့လွှတ်တော်အဆောက်အအုံ ဥပစာခန်းမ၌ ကျင်းပရာ သင်တန်းသား လေ့လာရေးခရီးစဉ် စီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်၍ အမှာစကားပြောကြားသည်။

ညှိနှိုင်းအစည်းအဝေးသို့ သင်တန်းသား လေ့လာရေးခရီးစဉ် စီမံခန့်ခွဲရေးလုပ်ငန်း အဖွဲ့ဝင်များဖြစ်ကြသော တပ်မတော် အရာရှိကြီးများနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ တာဝန်ရှိသူများတက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုတိုင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ (ဘီအီးဒီ) လေးနှစ်သင်တန်း အမှတ်စဉ်(၃၆) သင်တန်းသား လေ့လာရေးခရီးစဉ် စီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက အမှာစကား ပြောကြားရာတွင် ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်သည် တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို ပိုမိုခိုင်မာလာစေရန် အထောက်အကူပြုသည့် တက္ကသိုလ်ကြီးတစ်ခု ဖြစ်ကြောင်း၊ ယနေ့ခေတ်သည် ပညာခေတ်ဖြစ်သည့်အလျောက် "ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်အံ့"ဟူသော ဆောင်ပုဒ်အတိုင်း ပြည်နယ်၊ တိုင်းများမှ တိုင်းရင်းသား၊ တိုင်းရင်းသူများ၏ ပညာရေး ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနေသော ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်မှ ပညာရေးဘွဲ့(ဘီအီးဒီ) လေးနှစ်သင်တန်း အမှတ်စဉ်(၃၆)မှ သင်တန်းသားများ၏ လေ့လာရေးခရီးစဉ်အတွင်း သင်တန်းသားများ တည်းခိုရေး၊ စားသောက်ရေး၊ ကျန်းမာရေးနှင့် စိတ်ချမ်းသာ ကိုယ်ချမ်းသာရှိမှု၊ အဆင်ပြေချောမွေ့စေရန်တို့ကို လုပ်ငန်းအဖွဲ့အလိုက် အားသွန်ခွန်စိုက် ဆောင်ရွက်ကြရန်ဖြစ်ပြီး မိမိတို့ တာဝန်ကျေပွန်စွာ ဆောင်ရွက်ပေးခြင်းဖြင့် တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို တစ်တပ်တစ်အား ဝိုင်းဝန်းအကောင်အထည်ဖော် ဆောင်ရွက်ပေးရာရောက်ကြောင်း စသည်ဖြင့် ပြောကြားသည်။

ထို့နောက် သင်တန်းသား လေ့လာရေးခရီးစဉ် စီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့ အတွင်းရေးမှူး ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှကြည်က ဒီဇင်ဘာ ၂၂ ရက်က ကျင်းပပြီးစီးခဲ့သော လေ့လာရေးခရီးစဉ် စီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့ ပထမအကြိမ် အစည်းအဝေးမှတ်တမ်းအား အတည်ပြုပေးပါရန် တင်ပြပြီး တက်ရောက်လာကြသူများက မှတ်တမ်းကို အတည်ပြုကြသည်။

ဆက်လက်၍ လေ့လာရေးခရီးစဉ် စီမံခန့်ခွဲရေးအဖွဲ့ခွဲများအလိုက် ဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့် အထွေထွေ ကိစ္စရပ်များကို တင်ပြကြရာ စီမံခန့်ခွဲရေးလုပ်ငန်း အဖွဲ့ဝင်များနှင့် အစည်းအဝေးသို့ တက်ရောက်လာကြသူများက ဝိုင်းဝန်း၍ ဆွေးနွေးအကြံပြုကြသည်။ (သတင်းစဉ်)

ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ (ဘီအီးဒီ) လေးနှစ်သင်တန်း အမှတ်စဉ်(၃၆) သင်တန်းသား လေ့လာရေးခရီးစဉ် စီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့(ဘီအီးဒီ) လေးနှစ်သင်တန်း အမှတ်စဉ်(၃၆) သင်တန်းသား၊ သင်တန်းသူများ၏ ရန်ကုန်မြို့သို့ လေ့လာရေးခရီးစဉ် လာရောက်မည့် ကိစ္စနှင့်စပ်လျဉ်း၍ စီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့ ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ချင်းပြည်နယ် ဒုတိယနှစ် ဒေသအလိုက် အမျိုးသား ကာကွယ်ဆေးတိုက်နေ့ဖွင့်ပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၃

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာကျော်မြင့်သည် အနောက်မြောက်တိုင်းစစ်ဌာနချုပ်မှ ဗိုလ်မှူးချုပ်ခင်မောင်အေး၊ ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးတင်လှ၊ ကျန်းမာရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ဝင်းမောင်နှင့် တာဝန်ရှိသူများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ကမ္ဘာ့ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ်ရုံးတို့မှ တာဝန်ရှိသူများနှင့်အတူ ဇန်နဝါရီ ၉ ရက်တွင် ချင်းပြည်နယ် ဟားခါးမြို့သို့ရောက်ရှိပြီး ဟားခါးမြို့နယ် မြို့တော်ခန်းမ၌ ကျင်းပသော ဒုတိယနှစ် ဒေသအလိုက် အမျိုးသားကာကွယ်ဆေးတိုက်နေ့များ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြ၍ ဝန်ကြီး ဒေါက်တာကျော်မြင့်နှင့် ဗိုလ်မှူးချုပ်ခင်မောင်အေးတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဖွင့်ပွဲအခမ်းအနား ဒုတိယပိုင်းကို ဟားခါးမြို့တော်ခန်းမ၌ ဆက်လက်ကျင်းပရာ ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ပြည်နယ်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အစိုးရမဟုတ်သော လူမှုရေးအသင်းအဖွဲ့များမှ ပုဂ္ဂိုလ်များ၊ မြို့မိမြို့ဖများ၊ ကာကွယ်ဆေးတိုက်ကျွေးမည့် အဖွဲ့များမှ အဖွဲ့ဝင်များ၊ ကလေးများနှင့် ၎င်းတို့၏ မိဘဆွေမျိုးများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး တင်လှက နှုတ်ခွန်းဆက်အမှာစကား ပြောကြားပြီး ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က အမှာစကား ပြောကြားရာတွင် ဒုတိယနှစ် ဒေသအလိုက် အမျိုးသား ကာကွယ်ဆေးတိုက်နေ့များကို ချင်းပြည်နယ်ရှိ မြို့နယ်ငါးမြို့နယ်အပါအဝင် မြန်မာနိုင်ငံအနောက်ဘက်ခြမ်းရှိ မြို့နယ် ၂၀တွင် တစ်နေ့တည်း တစ်ပြိုင်တည်း တိုက်ကျွေးခြင်း၏ ရည်ရွယ်ချက်များ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အမြင့်မားဆုံးသော ကူညီပံ့ပိုးလမ်းညွှန်မှု၊ ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်း အဆင့်ဆင့်၏ ကြီးကြပ်ကွပ်ကဲမှု၊ ပြည်သူလူထု၏ ပူးပေါင်းပါဝင် ဆောင်ရွက်မှုကြောင့် ၂၀၀၃ခုနှစ် ဖေဖော်ဝါရီ ၁၃ရက်တွင် မြန်မာနိုင်ငံကို ပိုလီယိုအကြောသေရောဂါကင်းစင်သောနိုင်ငံအဖြစ် အသိအမှတ်ပြုခံခဲ့ရပြီး သမိုင်းမှတ်တမ်းတင်နိုင်ခဲ့ပြီးလည်း ဖြစ်ကြောင်း၊ ပိုလီယိုအကြောသေရောဂါ လုံးဝကင်းစင်သော နိုင်ငံအဖြစ် ထာဝစဉ် ရပ်တည်နေနိုင်ရေးအတွက် ဆက်လက်ကြိုးစား ဆောင်ရွက်သွားရန် လိုအပ်ကြောင်းတို့ကို မှာကြားသည်။

တိုက်ကျွေး

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ဟားခါးမြို့ မိခင်နှင့်ကလေး ကျန်းမာရေးဌာနနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး စုရပ်တို့၌ ဟားခါးမြို့ပေါ်ရှိ ရပ်ကွက်အသီးသီးမှ အသက်(၅)နှစ်အောက် ကလေးငယ်များအား ပိုလီယိုအကြောသေရောဂါ ကာကွယ်ဆေးများကို တိုက်ကျွေးကြသည်။

ကာကွယ်ဆေး

ထိုမှတစ်ဆင့် ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ဟားခါးမြို့နယ် ဇိုခွားကျေးရွာသို့ သွားရောက်ပြီး ယင်းကျေးရွာ အုပ်စုရှိ (၅)နှစ်အောက် ကလေးငယ်များအား ပိုလီယိုအကြောသေကာကွယ်ဆေးများ တိုက်ကျွေးသည်။

(သတင်းစဉ်)

မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း စက်မှုဇုန် လုပ်ငန်းရှင်များအား တွေ့ဆုံမှာကြား

ရန်ကုန် ဇန်နဝါရီ ၁၃

မြောက်ဥက္ကလာပ စက်မှုဇုန်နှင့် ရွှေပေါက်ကံစက်မှုဇုန်တာဝန်ခံ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းသည် ဇန်နဝါရီ ၁၁ ရက် နံနက် ၉ နာရီခွဲတွင် မြောက်ဥက္ကလာပ စက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီရုံး၌ မြောက်ဥက္ကလာပ စက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်မြင့်နှင့် အမှုဆောင်များ၊ လုပ်ငန်းရှင်များ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး သံရည်ကျိုလုပ်ငန်းနှင့် စပ်လျဉ်း၍ လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

ထို့နောက် မြောက်ဥက္ကလာပ စက်မှုဇုန်အတွင်း သံမဏိသံရည်ကျိုလုပ်ငန်းများ ဆောင်ရွက်နေမှု၊ စက်ကိရိယာအပိုပစ္စည်းများ ထုတ်လုပ်နေမှုနှင့် ကုန်ကြမ်းပစ္စည်းများ သိုလှောင်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ ရွှေပေါက်ကံစက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီရုံး၌ ရွှေပေါက်ကံစက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးသန်းဝင်းနှင့် အမှုဆောင်များ၊ လုပ်ငန်းရှင်များ၊ တာဝန်ရှိသူများအား တွေ့ဆုံမှာကြားသည်။

ထို့နောက် မြို့တော်ဝန်သည် ရွှေပေါက်ကံစက်မှုဇုန် တော်ဝင် ပြည်တွင်းဖြစ် မော်တော်ယာဉ် ထုတ်လုပ်ရေးအဖွဲ့၏ နှစ်တန် ဒီဇယ်တော်ဝင် ထရပ်ကားစမ်းသပ်ထုတ်လုပ်ထားမှုကို ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။ (သတင်းစဉ်)



ဘားအံမြို့ သာယာလှပရေးနှင့် မြို့ရေပေးဝေရေး နယ်စပ်စည်ပင်ဝန်ကြီး ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၁၃

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်သည် ဇန်နဝါရီ ၁၁ ရက်တွင် ဘားအံမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ပြည်သူလူထု ပူးပေါင်းဆောင်ရွက်လျက်ရှိသော ဘားအံမြို့ အမှတ်(၉)ရပ်ကွက် အနော်ရထာလမ်း ကတ္တရာလမ်းသစ်ခင်းခြင်းလုပ်ငန်းခွင်သို့ ရောက်ရှိစစ်ဆေးရာ ကရင်ပြည်နယ် အုပ်ချုပ်ရေးမှူး ဦးမောင်မောင်၊ ကရင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးသက်နှင်းဦးနှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။ (အပေါ်ပုံ)

ဝန်ကြီးက လမ်းများကို သတ်မှတ်ထားသော စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ရန်၊ လမ်းအရည်အသွေး ကောင်းမွန်ရေး၊ မြို့တွင်းလမ်းများအား ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ရေးအတွက် စီမံချက်ရေးဆွဲ၍ ဆောင်ရွက်ရန် မှာကြားသည်။

အဆိုပါလမ်းသည် အရှည်ပေ ၁၈၀၀၊ အကျယ် ၁၂ ပေရှိပြီး ပြည်သူထည့်ဝင်ငွေကျပ် ၃၅ ဒသမ ၂ သိန်း၊ စည်ပင်ထည့်ဝင်ငွေ ကျပ် ၂၁ သိန်း စုစုပေါင်း ၅၆ ဒသမ ၂ သိန်းဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဆက်လက်၍ ဝန်ကြီးနှင့် အဖွဲ့သည် ဘားအံမြို့ အမျိုးသမီး အိမ်တွင်းမှု အသက်မွေးလုပ်ငန်း ပညာသင်ကျောင်းသို့ ရောက်ရှိပြီး သင်တန်းသူများ၏ အခြေခံ စက်ချုပ်သင်တန်း၊ အဆင့်မြင့် သင်တန်းနှင့် ဆွယ်တာထိုးသင်တန်းများအား ကြည့်ရှုစစ်ဆေးပြီး ကျောင်းအုပ် ဒေါ်ကြည်ကြည်လွင်က ကျောင်း၏ သင်ကြားမှုနှင့် အုပ်ချုပ်မှု ကိစ္စရပ်များကို တင်ပြရာ ဝန်ကြီးက တင်ပြချက်များအား ဖြည့်ဆည်းပေးသည်။

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် လူငယ်သင်တန်းကျောင်း ဆောက်လုပ်မှု လုပ်ငန်းခွင်သို့ ရောက်ရှိရာ ပြည်နယ်ဒေသဖွံ့ဖြိုးမှု ကြီးကြပ်ရေးရုံး ဒေသကြီးကြပ်ရေးမှူး ဗိုလ်မှူးကြည်ထိန်က ကျောင်းဆောက်လုပ်မှုများနှင့် ပတ်သက်၍ရှင်းလင်းတင်ပြပြီး ဆောက်လုပ်ပြီးသော ကျောင်းဆောင်အား စစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးနှင့် အဖွဲ့သည် ဘားအံမြို့ ဘားမဲတောင်ပေါ်သို့ ရောက်ရှိရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးစိန်ဝင်းက လက်ရှိရေပေးဝေရေးဆောင်ရွက်မှုနှင့် တိုးချဲ့ဆောင်ရွက်မည့် အစီအစဉ်များကို တင်ပြရာ ဝန်ကြီးက လိုအပ်ချက်များ ဖြည့်ဆည်းပေးခဲ့သည်။

(နယ်စပ်စည်ပင်)

တရုတ်နိုင်ငံ အရှေ့ပိုင်းဒေသရေနံမြေ ထုတ်လုပ်မှုစံချိန်တင် ၂၀၀၄ ခုနှစ်တွင် ရေနံစိမ်း တန် ၂၇သန်း ထုတ်လုပ်ခဲ့

ဂျီနန် ဇန်နဝါရီ ၁၂

တရုတ်နိုင်ငံအရှေ့ပိုင်း ရှန်ဒေါင်းပြည်နယ်ရှိ ရှန်ဂလီရေနံမြေသည် ၂၀၀၄ ခုနှစ်တွင် စံချိန်တင်ရလောက်အောင် ရေနံနှင့် သဘာဝဓာတ်ငွေ့များ ထုတ်လုပ်နိုင်ခဲ့ကြောင်း ရေနံကုမ္ပဏီမှလာသော သတင်းများက ဆိုသည်။ ထိုနှစ်တွင် ယင်းရေနံမြေမှ ရေနံစိမ်းတန်ချိန် ၂၆ဒသမ ၇၄သန်း ထုတ်လုပ်ခဲ့ပြီး သဘာဝဓာတ်ငွေ့ ကုဗမီတာသန်းပေါင်း ၉၀၀ ထုတ်လုပ်နိုင်ခဲ့သည်။

ထိုထုတ်လုပ်မှု ကိန်းဂဏန်းများသည် ပြီးခဲ့သော ငါးနှစ်၊ ခြောက်နှစ်ကာလအတွင်း ထုတ်လုပ်မှုပမာဏအရ အမြင့်ဆုံးဖြစ်သည်ကို ညွှန်ပြလျက်ရှိသည်။ ဒုန်ယင်ဒေသ ရေနံမြေသည် ၂၀၀၃ ခုနှစ်တွင် ရေနံစိမ်းတန်ချိန် ၂၆ ဒသမ ၅၈ သန်းနှင့် သဘာဝဓာတ်ငွေ့ ကုဗမီတာသန်း ၈၁၀ အထိ ထုတ်လုပ်နိုင်ခဲ့ကြောင်း စာရင်းအင်းများက ဖော်ပြသည်။

ချမှတ်ကျင့်သုံး

ဈေးကွက်တွင် ရေနံဈေးနှုန်းများ တက်လာသောအခြေအနေ၊ တရုတ်နိုင်ငံ၏ မက္ကရိုစီးပွားရေးမူဝါဒ ချမှတ်ကျင့်သုံးနေသည့် အခြေအနေများနှင့် အခြားအကြောင်းအချက်များပေါ်မှ အားသာချက်ရယူကာ ရေနံမြေမှ သယံဇာတများကို တိုးချဲ့ထုတ်လုပ်ရန် ဆုံးဖြတ် လုပ်ဆောင်ခဲ့ကြခြင်း ဖြစ်သည်ဟု ဆိုသည်။

အသုံးပြု

ရေနံကုမ္ပဏီသည် နည်းပညာသစ်များကို အသုံးပြုခြင်းနှင့် သဘာဝပစ္စည်းများကို သဟဇာတမျှတအောင် ဆောင်ရွက်နိုင်ခဲ့သောကြောင့် ၂၀၀၄ ခုနှစ်တွင် ရေနံကုမ္ပဏီ၏ ဝင်ငွေမှ အမေရိကန်ဒေါ်လာ ၈ ဒသမ ၈ ဘီလီယံ ရရှိခဲ့သည့်အပြင် ထပ်ဆင့်ပေါင်းတန်ဖိုး အမေရိကန်ဒေါ်လာ ၅ ဒသမ ၈ ဘီလီယံ ရရှိအောင်လည်း ဆောင်ရွက်နိုင်ခဲ့သည်။

ပမာဏတိုးလာ

ထို့အပြင် ရှန်ဂလီရေနံမြေဒေသတွင်း ရေနံရှာဖွေမှု၊ ရေနံထုတ်လုပ်မှုနှင့် ရေနံသိုက်တို့၏ အချိုးအစားများကို မျှတမှုရှိအောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း ကုမ္ပဏီပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ ထိုရေနံမြေ၏ ရေနံသိုက်ပမာဏမှာ တန်ချိန်သန်း ၁၀၀ အထိ တိုးတက်လာအောင် ဆောင်ရွက်နိုင်ခဲ့သည်ဟုဆိုသည်။ ယခုကဲ့သို့ ရေနံသိုက်ပမာဏတိုးလာခဲ့သည်မှာ ၂၂ နှစ်တိုင်သွားပြီဖြစ်သည်။

၂၀၀၄ ခုနှစ်တွင် အဆိုပါ ရေနံမြေမှ လက်ရှိနည်းပညာများအရ ထုတ်လုပ်သုံးစွဲနိုင်သော ရေနံပမာဏ စုစုပေါင်း တန်ချိန် ၂၈ ဒသမ ၁၂ သန်း တိုးလာအောင် ဆောင်ရွက်နိုင်ခဲ့ပြီး သဘာဝဓာတ်ငွေ့သိုက်ပမာဏမှာလည်း ကုဗမီတာတစ်ဘီလီယံအထိ တိုးတက်လာခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံတွင် နိုင်ငံအရှေ့မြောက်ပိုင်းရှိ ဒါချင်ရေနံမြေမှာ အကြီးဆုံး ရေနံမြေဖြစ်ပြီး ရှန်ဂလီ ရေနံမြေမှာ ဒုတိယအကြီးဆုံးသောရေနံမြေ ဖြစ်သည်။ ထိုရေနံမြေမှ ရေနံထုတ်ယူခဲ့သည်မှာ နှစ်ပေါင်း ၄၀ ကျော်သွားပြီဖြစ်ကာ နေ့စဉ် ရေနံစိမ်းစည်ပေါင်း ၅၂၀၀၀၀ ထုတ်လုပ်ပေးလျက်ရှိကြောင်း သိရသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***



အီရတ်တွင် စစ်မှုမထမ်းလိုသည့် ကန်တပ်ပြေးဦးရေ များလာ

ဝါရှင်တန် ဇန်နဝါရီ ၁၁

အမေရိကန်ကြည်းတပ်မှ တပ်ဖွဲ့ဝင်များသည် အီရတ်နိုင်ငံတွင်တိုက်ခိုက်မှုမပြုဘဲ တပ်မှထွက်ပြေးကာ ကနေဒါနိုင်ငံသို့ ရှောင်တိမ်းသွားနေကြရာ ဗီယက်နမ်စစ်ပွဲတွင် စစ်မှုထမ်းရန် ရှောင်တိမ်းသည့်အနေဖြင့် အမေရိကန်ပြည်ထောင်စု၏ မြောက်ပိုင်းဒေသသို့ ထောင်ချီထွက်ပြေးသူများ၏ ဇာတ်ကြောင်းကို ပြန်ပြောင်းသတိရစရာ ဖြစ်နေသည်။

ရှောင်ပြန်ဟပ်

ခန့်မှန်းခြေအားဖြင့် အမျိုးသမီး၊ အမျိုးသား ၅၅၀၀ခန့်သည် အီရတ်စစ်ပွဲ ဖြစ်ပွားခဲ့ပြီးနောက် တပ်မှ ထွက်ပြေးခဲ့ကြရာ တပ်ဖွဲ့ဝင်များ၏ တိုက်ခိုက်ရေးစိတ်ဓာတ်အခြေအနေနှင့် ပတ်သက်၍ ပြဿနာတက်နေသည့် အမေရိကန်အစိုးရ၏ ရုပ်ပုံကိုရောင်ပြန်ဟပ်ဖော်ပြနေခြင်းဖြစ်သည်။

လျှောက်ထား

တောင်ဒါကိုတာပြည်နယ်မှ အသက် (၂၆)နှစ်ရှိ ဟင့်ဇ်မန်းသည် အမှတ် (၈၂)လေကြောင်းချီတပ်မှ ဖြစ်ပြီး တပ်ပြေးများထဲတွင် တစ်ဦးအပါအဝင် ဖြစ်သည်။ ၎င်းသည် ကနေဒါနိုင်ငံသို့ သွားရောက်ကာ ဒုက္ခသည်အဆင့်ဖြင့် နေထိုင်ရန် လျှောက်ထားလျက်ရှိသည်။

အမေရိကန်ကြည်းတပ်သည် အက်ဖ်ဘီအိုင်ရဲတပ်ဖွဲ့နှင့် အမိမြေလုံခြုံရေး ဌာနတို့နည်းတူ တပ်ပြေးများအား အလိုရှိသည့်စာရင်းတွင် ထားရှိပြီး သာမန်ရာဇဝတ်မှုကျူးလွန်သူများကဲ့သို့ ဆက်ဆံကြသည်။

လက်မှတ်ထိုး

အီရတ်စစ်ပွဲသည် ရာဇဝတ်မှုထိုက်သော စစ်ပွဲတစ်ခုဖြစ်ပြီး တရားမျှတမှုမရှိသည့် ပဋိပက္ခအတွင်း ပြုလုပ်သော မည့်သည့် အကြမ်းဖက်မှုမျိုးမဆို ရက်စက်မှုတစ်ရပ်သာဖြစ်သည်။ မိမိက လေးနှစ်တာဝန်ထမ်းဆောင်ရန်စာချုပ်လက်မှတ်ထိုးခဲ့ကြောင်း၊ မိမိအနေဖြင့် ယင်းစာချုပ်အတိုင်း လိုက်နာဖြည့်ဆည်းလိုကြောင်း၊ သို့ရာတွင် လက်နက်ကိုင်တိုက်ခိုက်မှုမျိုးတွင် မဟုတ်ကြောင်း စသည်ဖြင့် ဟင့်ဇ်မန်းက ပြောကြားသည်။

ခံစားမိ

အီရတ်နိုင်ငံအားကျူးကျော်သိမ်းပိုက်ခြင်းသည် တရားဥပဒေနှင့် မညီညွတ်သကဲ့သို့ ဂုဏ်သိက္ခာမရှိသည့် လုပ်ရပ်ကို လုပ်ဆောင်ရခြင်းသာဖြစ်သည်ဟု မိမိခံစားမိကြောင်း၎င်းက ပြောကြားသည်။ ***အင်တာနက်။***

မီးလောင်ကျွမ်း

အီရတ်နိုင်ငံမြောက်ပိုင်းရှိ ရေနံပိုက်လိုင်းတစ်လိုင်း မီးလောင်ကျွမ်းနေသည်ကို ဇန်နဝါရီ ၁၂ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်ပြောက်ကျားများသုံးသည့် လက်နက်များတွင် အင်အားပြင်းထန်သည့် အိမ်လုပ်ဗုံးများပါဝင်

ဘဂ္ဂဒက် ဇန်နဝါရီ ၁၁

အီရတ်နိုင်ငံရှိ တွန်းလှန်တိုက်ခိုက်ရေးသမားများသည် လွန်ခဲ့သည့် ရက်သတ္တနှစ်ပတ်အတွင်း အင်အားပြင်းထန်သည့် အိမ်လုပ်ဗုံးများ အသုံးပြုခဲ့ကြသည်။ ယင်းသို့ အသုံးပြုမှုကြောင့် မကြာမီက လမ်းဘေးဗုံးပေါက်ကွဲရာ အမေရိကန်သံချပ်ကာကားထိမှန်ပြီး လိုက်ပါလာသူတပ်ဖွဲ့ဝင်ခုနစ်ဦးသေဆုံးခဲ့ရကြောင်း အမေရိကန်စစ်ဌာနချုပ်မှ တာဝန်ရှိ ပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။

လွန်ခဲ့သည့် ရက်သတ္တနှစ်ပတ်အတွင်း တိုက်ခိုက်ရာတွင် အသုံးပြုခဲ့သည့်အိမ်လုပ်ဗုံးများသည် အင်အားပြင်းထန်လှကြောင်းကို မိမိတို့ သတိပြုမိကြောင်း၊ အိမ်လုပ်ဗုံးအရေအတွက် နည်းနည်းသုံးရုံဖြင့် ပေါက်ကွဲမှုအားကောင်းလှကြောင်း ကြည်းတပ်ဗိုလ်မှူးချုပ် ရိုဒရီဂူအက်စ်က သတင်းထောက်များအား ပြောကြားသည်။

ယင်းကဲ့သို့သောတိုက်ခိုက်မှုပုံစံသည် လွန်ခဲ့သည့်ရက်သတ္တနှစ်ပတ်လောက်က ပေါ်ပေါက်ခဲ့ခြင်းဖြစ်ကြောင်း ၎င်းက ပြောကြားပြီး ပြောက်ကျားများ၏ နည်း ဗျူဟာအသစ် ဖြစ်ကြောင်း၊ အထူးသဖြင့် ယင်းသို့သောပုံစံကို ဆွန်နီတြိဂံဒေသတွင် အဓိကထားပြီး အသုံးပြုနေကြကြောင်း ထပ်လောင်းပြောကြားသည်။

အိမ်လုပ်ဗုံးအရေအတွက် အနည်းငယ်သာ အသုံးပြုသော်လည်း အင်အားလွန်စွာပြင်းထန်လှကြောင်း စသည်ဖြင့် ယင်းဗုံးသုံး၍ ပေါက်ကွဲမှုဖြစ်ပွားရာ ဘရက်ဒ်လေသံချပ်ကာယာဉ်အတွင်း လိုက်ပါလာသူခုနစ်ဦး သေဆုံးခဲ့မှုကို ရိုဒရီဂူအက်စ်က ရည်ညွှန်းပြောကြားသည်။

တွန်းလှန်တိုက်ခိုက်ရေးသမားများက ကျွမ်းကျင်သူများအား အသုံးပြုပြီး အိမ်လုပ်ဗုံး လုပ်ခိုင်းမှု ဟုတ်၊ မဟုတ် အပါအဝင် ၎င်းတို့၏ နည်းဗျူဟာ အသစ်နှင့်ပတ်သက်၍ ရိုဒရီဂူအက်စ်က ရှင်းလင်းပြောကြားခြင်းမရှိပေ။ ***အင်တာနက်။***

အီရတ်နိုင်ငံ ဘာဆာရာမြို့တွင် ကားဗုံးပေါက်ကွဲ မှုကြောင့် ပျက်စီးသွားသော မော်တော်ကားတစ်စီးကို ဇန်နဝါရီ ၁၁ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်တစ်ဦးအား ကိုယ်ထိလက်ရောက်စော်ကားခဲ့သည့် ကန်တပ်ကြပ်ကြီး ထောင်ခြောက်လကျ

ဖို့တ်ဟုဒ်(တက္ကဆက်) ဇန်နဝါရီ ၁၂

အမေရိကန်ကြည်းတပ်မှ တပ်ကြပ်ကြီးတစ်ဦးသည် အီရတ်နိုင်ငံသားနှစ်ဦးအား တံတားပေါ်မှ တွန်းချကာ ၎င်းတို့အနက်မှတစ်ဦးကို ရေထဲတွန်းချရေနှစ်သတ်မှုစွဲချက်မှ လွတ်မြောက်သွားသော်လည်း ကိုယ်ထိလက်ရောက်တိုက်ခိုက်မှုဖြင့် စစ်အကျဉ်းဌာနတွင် ခြောက်လထိန်းသိမ်းထားရန် စနေနေ့က ပြစ်ဒဏ်ချမှတ်ခံရသည်။

စစ်ရုံးက သက်ဆိုင်ရာ တရားခံအသက်(၃၃)နှစ်ရှိ တပ်ကြပ်ကြီးထရေစီပါကင်ကို အီရတ်နိုင်ငံသားတစ်ဦးအား တင်ကူးကြံရွယ်မှုမရှိသော လူသတ်မှု စွပ်စွဲချက်မှ ဖယ်ရှားခဲ့သည်။

တရားရုံး ခုံသမာဓိအဖွဲ့က ထရေစီပါကင်အား ကိုယ်ထိလက်ရောက် စော်ကားမှုနှင့် တရားဥပဒေကို ဟန့်တားမှုစွဲချက်ဖြင့် အပြစ်ရှိကြောင်းဆုံးဖြတ်သည်။

အဆိုပါ စစ်ဘက်ဆိုင်ရာ တရားရုံးက လက်ရှိတပ်ကြပ်ကြီးရာထူးမှ အဆင့်တစ်ဆင့် ရာထူးလျှော့ချရန်လည်း ဆုံးဖြတ်လိုက်သည်။ ထရေစီပါကင်အနေဖြင့် ကနဦးတွင် ထောင်ဒဏ် ၁၁ နှစ်ခွဲကျနိုင်ပြီး ကြည်းတပ်မှ နာမည်ပျက်ဖြင့် ထွက်ရမည့်ကိန်းနှင့် ကြုံတွေ့ခဲ့ရသည်။

တောင်းပန်

ကြည်းတပ်တွင် လုပ်သက်(၁၄)နှစ်ရှိသူ ပါကင်က ကြည်းတပ်မှ အရာရှိများအား တောင်းပန်တိုးလျှိုးသည်။

မိမိမှားယွင်းပြုမူမိသည်ဟု ဝန်ခံပါကြောင်း၊ ပေးသမျှ အပြစ်ခံယူမည်ဖြစ်ကြောင်း ပါကင်က တရားရုံးခုံသမာဓိအဖွဲ့အား ပြောကြားသည်။

ပါကင်သည် ၎င်း၏လက်အောက် တပ်ဖွဲ့ဝင်များအား အီရတ်နိုင်ငံသား ဟတ်ဆင်နှင့် ၎င်း၏အစ်ကိုဝမ်းကွဲတို့ကို တိုက်ဂရစ်မြစ်ကူးတံတားမှ တွန်းချရန် အမိန့်ပေးခဲ့ပြီး လူသတ်မှုဖြင့် စွပ်စွဲခံခဲ့ရသည်။

အထောက်အထားမရှိ

တရားရုံးခုံသမာဓိအဖွဲ့က ပါကင်အား လူသတ်မှုဖြင့် ပြစ်မှုမစီရင်သင့်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် အထောက်အထားမရှိ၊ သေဆုံးမှုမရှိ၊ အလောင်းရရှိခြင်း မရှိသေးကြောင်း တရားခံ၏ အကျိုးဆောင်ရှေ့နေ ဗိုလ်ကြီးနော့ရစ်က ပြောကြားသည်။ အခြားတပ်ဖွဲ့ဝင်များကလည်း ၎င်းအီရတ်နှစ်ဦးသည် ဘေးမသီရန်မခ ကမ်းခြေသို့ ရောက်ရှိခဲ့ကြောင်း၊ သေဆုံးသည်ဆိုခြင်းသည် လိမ်လည်မှုသာ ဖြစ်ဖွယ်ရှိကြောင်း နော့ရစ်က ဆက်လက်ပြောကြားခဲ့သည်။

အမ်အင်အေ၊ ရိုက်တာ။

စိုက်ပျိုးရေးနှင့် သစ်တောထွက်ပစ္စည်း တိုးမြှင့်တင်ပို့ရန် ဗီယက်နမ်စီစဉ်

ဟန္နိုင်း ဇန်နဝါရီ ၁၂

ဗီယက်နမ်နိုင်ငံသည် ၂၀၀၅ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၄ ဒသမ ၅ ဘီလီယံတန်ဖိုးရှိ စိုက်ပျိုးရေးနှင့် သစ်တောထွက်ပစ္စည်းများ တင်ပို့ရန် ရည်မှန်းထားသည်။

၎င်းရည်မှန်းချက် ပြည့်မီစေရန် နိုင်ငံအနေဖြင့် စီးပွားရေးလုပ်ငန်းများ တည်ထောင်ခြင်း၊ ကုန်ပစ္စည်း အမှတ်တံဆိပ်များ မှတ်ပုံတင်ခြင်း၊ ကုန်ပစ္စည်း အရည်အသွေး မြင့်မားအောင် ဆောင်ရွက်ခြင်းနှင့် ဈေးကွက်ရှာဖွေခြင်းတို့ကို ဦးစားပေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနက တနင်္လာနေ့တွင် ကြေညာသည်။

ပြည်တွင်း စီးပွားရေးလုပ်ငန်းရှင်များ အနေဖြင့်လည်း စီးပွားရေးလုပ်ငန်းများ ထူထောင်ခြင်းနှင့် ကုန်ပစ္စည်း အမှတ်တံဆိပ်များ မှတ်ပုံတင်ခြင်းကို ပိုမိုအလေးထား ဆောင်ရွက်သင့်ကြောင်း စိုက်ပျိုးရေးနှင့် ကျေးလက် ဖွံ့ဖြိုးရေးဝန်ကြီး ချောင်ငုဖတ်က မှာကြားသည်။ ပြည်တွင်း ကုန်ပစ္စည်းထုတ်လုပ်သည့် လုပ်ငန်းရှင်များနှင့် ပို့ကုန်လုပ်ငန်း ဆောင်ရွက်သည့် လုပ်ငန်းရှင်များသည် မိမိတို့ ကုန်ပစ္စည်းများ၏ အရည်အသွေး ပြည့်မီရေးကို အလေးထားကြရန် ဝန်ကြီးက ဆက်လက် မှာကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဗီယက်နမ်နိုင်ငံ ကွမ်ဘင်းပြည်နယ်ရှိ ပင်လယ်ထွက် အစားအစာ ကုန်ချောထုတ်လုပ်ရေး စက်ရုံတစ်ရုံ၏ လုပ်ငန်းခွင်ကို ဇန်နဝါရီ ၁၂ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

ကင်ညာတွင် တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရန် တိုက်တွန်း

နိုင်ရိုဘီ ဇန်နဝါရီ ၁၂

အာဖရိကတိုက်အရှေ့ပိုင်းရှိ ကင်ညာနိုင်ငံတွင် တရုတ်စီးပွားရေးလုပ်ငန်းရှင်များ၏ ရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်ရန် ကင်ညာသမ္မတ အမ်ဝေကီဘာကီက တနင်္လာနေ့တွင် တိုက်တွန်းလိုက်သည်။

ကင်ညာနိုင်ငံ မြို့တော်နိုင်ရိုဘီသို့ ရောက်ရှိနေသော တရုတ်လက်ထောက် နိုင်ငံခြားရေးဝန်ကြီး လူကျိုရှန်းနှင့် တွေ့ဆုံရာတွင် သမ္မတ ကီဘာကီက အထက်ပါအတိုင်း တိုက်တွန်းလိုက်ခြင်းဖြစ်သည်။

ကင်ညာနိုင်ငံ၏ မော်တော်ကားလမ်းဆိုင်ရာစီမံကိန်းများသည် တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုနှင့် နည်းပညာကျွမ်းကျင်မှုတို့ဖြင့် လုပ်ဆောင်နိုင်သော လုပ်ငန်းနယ်ပယ်ဖြစ်ကြောင်း၊ လမ်းပန်းဆက်သွယ်ရေး တိုးတက်လာစေရန် တရုတ်နိုင်ငံ၏ ရင်းနှီး မြှုပ်နှံမှုများကို မိမိတို့ ကြိုဆိုကြောင်း၊ လမ်းပန်းဆက်သွယ်ရေးကဏ္ဍ၌ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများသည် ကင်ညာနိုင်ငံတွင်သာမက အထူးသဖြင့် ဆူဒန်နိုင်ငံဖြစ်သည့် ဒေသတွင်း နိုင်ငံများတွင်ပါ ပေါ်ထွန်းလျက်ရှိကြောင်း သမ္မတ ကီဘာကီက ပြောကြားသည်။

တရုတ်နိုင်ငံ၏ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းတွင် ကင်ညာနိုင်ငံကို ခရီးဆုံးပန်း တိုင်တစ်ခုအဖြစ် သတ်မှတ်ထားခြင်းအတွက် မိမိကျေးဇူးတင်ကြောင်း၊ တရုတ်နိုင်ငံ ၏ ဆောင်ရွက်ချက်သည် ကင်ညာနိုင်ငံ၏ နှစ်ပေါင်းအတန်ကြာမျှ ကျဆင်းလာခဲ့သော ခရီးသွားလုပ်ငန်း ပြန်လည်ဦးမော့လာစေရန် အထောက်အကူပေးကြောင်း ၎င်းက ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

တူရကီနှင့်ရုရှား စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မြှင့်တင်မည် ဒေသတွင်း ငြိမ်းချမ်းရေး၊ တည်ငြိမ်မှုနှင့် ကြွယ်ဝမှုအတွက် ထောက်ကူ

မော်စကို ဇန်နဝါရီ ၁၂

တူရကီနှင့်ရုရှားနိုင်ငံတို့သည် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် ကြိုးပမ်းလျက်ရှိကြကြောင်း၊ ရုရှားဈေးကွက်တွင် တူရကီကုမ္ပဏီများ ပိုမိုပါဝင်လာခြင်းဖြင့် ယင်းကုမ္ပဏီများသည် အာရှအလယ်ပိုင်းဒေသရှိ နိုင်ငံများသို့ ၎င်းတို့၏ ထုတ်ကုန်ပစ္စည်းများကို တင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း၊ တူရကီနိုင်ငံရှိ စွမ်းအင်စီမံကိန်းများတွင် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်မည့်အစီအစဉ်များကို ရုရှား စွမ်းအင်ကုမ္ပဏီများက တိုးတက်အကောင်အထည်ဖော်ခြင်းဖြင့် ရုရှားကုမ္ပဏီများသည် ဥရောပဈေးကွက်သို့ ပိုမိုဝင်ရောက်နိုင်မည်ဖြစ်ကြောင်း တူရကီဝန်ကြီးချုပ်က ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

တူရကီဝန်ကြီးချုပ် ရီဆက်တေးယစ်အာဒိုဂန်သည် ရုရှားနိုင်ငံ မြို့တော်မော်စကိုသို့ တနင်္လာနေ့က ရောက်ရှိလာခဲ့ပြီးနောက် နှစ်နိုင်ငံဆက်ဆံရေး မြှင့်တင်မည့်ကိစ္စနှင့် ပတ်သက်၍ ဆွေးနွေးခဲ့သည်။

တူရကီနိုင်ငံမြို့တော် အန်ကာရာသို့ လွန်ခဲ့သည့်လက အလည်အပတ်သွားရောက်သည့် ရုရှားသမ္မတဗလာဒီမာပူတင်၏ ခရီးစဉ်သည် နှစ်နိုင်ငံဆက်ဆံရေး ကောင်းမွန်ရန် အခြေခံတစ်ရပ်အဖြစ် ထောက်ကူကြောင်း အာဒိုဂန်က ပြောကြားသည်။

မြှင့်တင်နိုင်

နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ခြင်းဖြင့် မိမိတို့၏ နိုင်ငံများအကြား ရင်းနှီးချစ်ကြည်မှု မြှင့်တင်နိုင်ကြောင်း တူရကီဝန်ကြီးချုပ်က ပြောကြားသည်။

ရုရှားနှင့် တူရကီနိုင်ငံတို့၏ ဆက်ဆံရေး ကောင်းမွန်ခြင်းသည် ဒေသတွင်း ငြိမ်းချမ်းရေး၊ တည်ငြိမ်မှုနှင့် ကြွယ်ဝမှုတို့ကို ဖြစ်ပေါ်စေနိုင်သည်သာမက ဥရောပတိုက် တစ်တိုက်လုံးအတွက် အကျိုးကျေးဇူးရှိနိုင်ကြောင်း ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ကျီလင်ပြည်နယ်နှင့် ရှဲလ်ကုမ္ပဏီ ရေနံကျောက်ရှာဖွေမည်

ချန်ချွမ် ဇန်နဝါရီ ၁၂

တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်းရှိ ကျီလင်ပြည်နယ်သည် ရေနံကျောက်ရှာဖွေရန် ရှဲလ် ရေနံရှာဖွေရေးကုမ္ပဏီနှင့် ပူးပေါင်းလုပ်ကိုင်မည်ဟု ပြည်နယ်၏ မြေအရင်းအမြစ်များဌာန ညွှန်ကြားရေးမှူး ရှောင်စင်တန်က ပြောကြားသည်။

ရေနံကျောက်မှာ ကျောက်တစ်မျိုးဖြစ်ပြီး ၎င်းကို ပေါင်းခံလိုက်ပါက ရေနံ ရရှိသည်။ ၎င်းနည်းမှာ ယခင်ရှိရင်းစွဲ ရေနံသိုက်များနှင့် ယှဉ်ကြည့်ပါက ကုန်ကျစရိတ်ပိုများပြီး ပိုမိုရှုပ်ထွေးသော နည်းပညာဖြင့် ထုတ်ယူရသည်။

ရှဲလ်ကုမ္ပဏီက ရေနံကျောက်များကို ရှာဖွေတူးဖော်ရရှိသော မူလနေရာ၌ ရေနံအဖြစ်သို့ ပြောင်းလဲထုတ်လုပ်သည့်စနစ် (အိုင်စီပီ) ကိုသုံးကာ ရေနံရယူကြမည်ဖြစ်သည်။ ၎င်းစနစ်ဖြင့် အမျိုးအစားကောင်းသည့် ရေနံကို ရေနံကျောက်များမှ ရရှိနိုင်မည်ဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အသက်ရှစ်နှစ်အောက်အရွယ်ကလေးများ မိုဘိုင်းဖုန်း မသုံးစွဲသင့်

လန်ဒန် ဇန်နဝါရီ ၁၂

မိုဘိုင်းဖုန်းသုံးစွဲခြင်းဖြင့် လူတို့၏ကျန်းမာရေး ထိခိုက်စေနိုင်သည်ဆိုသော အထောက်အထားများကို ယခုအချိန်အထိ မတွေ့ရသေးသော်လည်း အသက်ရှစ်နှစ်အောက်အရွယ် ကလေးသူငယ်များသည် အရေးကြီးသည့် အခိုက်အတန့်ကာလမှတစ်ပါး ကျန်အချိန်များတွင် မိုဘိုင်းဖုန်းများကို သုံးစွဲခြင်းမပြုသင့်ကြောင်း ဗြိတိန်နိုင်ငံရှိ ရေဒီယိုသတ္တိကြွမှု ကာကွယ်ရေးဘုတ်အဖွဲ့မှ တာဝန်ရှိသူတစ်ဦးက သတိပေးလိုက်သည်။

မိုဘိုင်းဖုန်းများသည် ကျန်းမာရေးကို မထိခိုက်စေနိုင်သော်လည်း ကလေးများက ယင်းဖုန်းကိုလွှင့်ပစ်ရာမှ ရေဒီယိုသတ္တိကြွမှု ဘေးအန္တရာယ် မပေါ်ပေါက်စေရေးအတွက် လူကြီးမိဘများက ဟန့်တားပေးရန်လိုအပ်ကြောင်း ကျွမ်းကျင်သူပညာရှင် ဆာဝီလီယံစတီးဝပ်၏ သုတေသနလေ့လာချက်တွင် ဖော်ပြထားသည်။

သတိပေး

သုတေသီ စတီးဝပ်၏ သတိပေးချက်ပေါ်ထွက်လာပြီးနောက် ဗြိတိန်နိုင်ငံတွင် အသက်ရှစ်နှစ်အောက် ကလေးများသုံးစွဲနိုင်ရန် ရည်ရွယ်ထုတ်လုပ်ထားသော မိုဘိုင်းဖုန်းတစ်မျိုး ရောင်းချမှုကို ပြန်လည်ရုပ်သိမ်းလိုက်သည်။ မိုင်မိုအမည်ရှိ ဖုန်းကုမ္ပဏီသည် အရေးကြီးသည့်အချိန်များ၌ အသက်လေးနှစ်မှ ရှစ်နှစ်အထိဖြစ်သော ကလေးငယ်များ သုံးစွဲနိုင်ရန်ရည်ရွယ်သည့် မိုဘိုင်းဖုန်းတစ်မျိုးကို လွန်ခဲ့သည့်ငါးလမှစ၍ ရောင်းချပေးလာခဲ့သည်။ အင်တာနက်။

ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ နိုင်ငံခြားငွေကြေးရောင်းဝယ်ရေး ဌာနတစ်ခု၏ လုပ်ငန်းခွင်ကို ဇန်နဝါရီ ၁၂ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

စာတတ်မြောက်ရေး ဆွေးနွေးပွဲ ယူဂန္ဒာတွင် ကျင်းပမည်

ကမ်ပါလာ ဇန်နဝါရီ ၁၂

ယူဂန္ဒာနိုင်ငံသည် သာမန်ပြည်သူများအဆင့်သို့ စာတတ်မြောက်မှု ပြန့်ပွားရေးကို ရည်ရွယ်လျက် အပြည်ပြည်ဆိုင်ရာ စာတတ်မြောက်ရေး ဆွေးနွေးပွဲကို ဇန်နဝါရီ ၁၈ ရက်မှ ၁၉ ရက်ထိ ကျင်းပမည်ဖြစ်ကြောင်း မီဒီယာသတင်းများက တနင်္လာနေ့တွင် ဖော်ပြသည်။

မျှော်မှန်း

၎င်းဆွေးနွေးပွဲမှာ နှစ်ရက်ကြာမြင့်မည်ဖြစ်ပြီး ယူဂန္ဒာ၊ ကင်ညာ၊ တန်ဇန်းနီးယား၊ ဆူဒန်၊ ဗြိတိန်၊ အမေရိကန်ပြည်ထောင်စုနှင့် ကနေဒါနိုင်ငံတို့မှ ကိုယ်စားလှယ် ၃၀၀ ပါဝင်ဆွေးနွေးမည်ဟု မျှော်မှန်းထားသည်။

ဖွင့်လှစ်

ယူဂန္ဒာဝန်ကြီးချုပ် အပိုလိုဆီဘမ်းဘီက ဆွေးနွေးပွဲကို ဖွင့်လှစ်ပေးမည်ဟု သိရသည်။

ဆွေးနွေးပွဲ၏ ရည်ရွယ်ချက်မှာ အားလုံးစာတတ်မြောက်စေပြီး အားလုံးနှင့် သက်ဆိုင်သည့် ပညာရေးစနစ်ပွဲကို တည်ဆောက်ပေးမည့် နည်းလမ်းများကို ရှာဖွေရန်ဖြစ်ကြောင်း ယူဂန္ဒာစာဖတ်အသင်းမှ စည်းရုံးရေးမှူးချုပ် ဆမ်အင်ဒီးမားက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

သမိုင်းသင်ခန်းစာများရယူပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံထူထောင်ရေး

အောင်မိုးစံ

လွတ်လပ်ရေးရခါစတွင် ပြည်သူလူထု၏ တစ်ခဲနက် ထောက်ခံမှုနဲ့ အာဏာရလာခဲ့ပေမယ့် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနဲ့ တရားဥပဒေစိုးမိုးရေး၊ အမျိုးသားစည်းလုံးညီညွတ်ရေး၊ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာပေါ်ပေါက်လာရေးတို့ကို မဆောင်ရွက်နိုင်ခဲ့တဲ့အတွက် အနှစ် ၄၀ တည်မြဲရမယ်ဆိုတဲ့ ဖဆပလ အစိုးရဟာ ၁၄ နှစ်နဲ့ ကျဆုံးသွားခဲ့ရတယ်။ ဒါဟာ ပါလီမန်ဒီမိုကရေစီစနစ် ကျဆုံးသွားခဲ့ရမှုလည်း ဖြစ်ပါတယ်။

အခုလို ကျဆုံးသွားရတဲ့ အကြောင်းရင်းကတော့ မိမိတို့လူမှုဘဝနဲ့ မကိုက်ညီသေးတဲ့ အနောက်ဥရောပ ဒီမိုကရေစီကို ဦးစားပေး ပုံတူကူးကျင့်သုံးခဲ့လို့ ဖြစ်ပါတယ်။ မိမိတို့ လူ့အဖွဲ့အစည်းမှာ ဒီမိုကရေစီ ကျင့်စဉ်ရှင်သန်ထွန်းကားလာနိုင်မယ့် လူမှုဘဝတွေ ရင့်မာပြည့်စုံဖို့လိုအပ်နေသေးလို့ ဖြစ်ပါတယ်။

ဒီအပေါ် သင်ခန်းစာယူပြီး ဒီကနေ့မှာတော့ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနဲ့ တရားဥပဒေ စိုးမိုးရေး၊ အမျိုးသားပြန်လည်သင့်မြတ်စည်းလုံးရေးကို ဦးစားပေးကြိုးပမ်းပြီး အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍတွင် တပ်မတော်ပါဝင်ရေးကို ရှေးရှုဆောင်ရွက်လာခဲ့ရတာ ဖြစ်ပါတယ်။ အမျိုးသားညီလာခံရဲ့ အခြေခံမူကြီး ၁၀၄ ချက်မှာလည်း အတည်ပြုဖော်ပြထားပြီး ဖြစ်ပါတယ်။

အဲလိုသာ မဖော်ဆောင်ဘူးဆိုရင် ဒီမိုကရေစီလူမှုဘဝတွေ ရင့်မာပြည့်စုံမှုရှိမလာသေးတဲ့ လူ့အဖွဲ့အစည်းတစ်ရပ်မှာ အရပ်ဘက် ကိုယ်စားလှယ်အစိုးရသက်သက်က နိုင်ငံတော်အာဏာကို မထိန်းသိမ်းနိုင်သရွေ့ တပ်မတော်က ဝင်ရောက်တာဝန်ယူနေရတဲ့ သံသရာ လည်နေဦးမည်သာဖြစ်ပါတယ်။

ဘာကြောင့်လဲဆိုတော့ လွတ်လပ်ရေးရပြီးနောက်ပိုင်း မြန်မာနိုင်ငံရေးသမိုင်းတစ်လျှောက်မှာ နိုင်ငံရေးတည်ငြိမ်မှုပျက်ပြားယိုယွင်းပြီး စီးပွားရေးကျဆင်းကျပ်တည်းမှုတွေနဲ့ ကြုံလာရတိုင်း တပ်မတော်က နိုင်ငံတော်တာဝန်ကို ဝင်ရောက်ထမ်းဆောင်ခဲ့ရလို့ ဖြစ်ပါတယ်။

လွတ်လပ်စ မြန်မာနိုင်ငံမှာ ပြည်တွင်းလက်နက်ကိုင်ရောင်စုံသောင်းကျန်းမှုတွေဟာ ရန်ကုန်အစိုးရလို့ ခေါ်ရလောက်အောင်အထိ လွှမ်းမိုးခဲ့ပါတယ်။ ဒီအပေါ် နိုင်ငံရေးပါတီအဖွဲ့အစည်းတွေက နိုင်ငံရေးနည်းများနဲ့ မဖြေရှင်းနိုင်တဲ့အတွက် တပ်မတော်က တာဝန်ယူပြီး တိုင်းပြည်မှာ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးအတွက် ကြိုးပမ်းလာခဲ့ရပါတယ်။ ဒီအချိန်ကစပြီး တပ်မတော်ဟာ မြန်မာနိုင်ငံရေးမှာ အရေးပါတဲ့ အခန်းက ပါဝင်လာခဲ့တာ ဖြစ်ပါတယ်။

၁၉၆၂ ခုနှစ်မှာ ဖက်ဒရယ်မူကို အကြောင်းပြုပြီး ပြည်ထောင်စု ပြိုကွဲမယ့်အန္တရာယ် ကြုံလာပြန်တော့လည်း တပ်မတော်က နိုင်ငံတော်တာဝန်ကို မလွှဲမရှောင်သာ ဝင်ရောက်ထမ်းဆောင်လာခဲ့ရတယ်။ ဒီအရေးကို နိုင်ငံရေးခေါင်းဆောင်တွေသာ ညှိနှိုင်းဖြေရှင်းနိုင်ကြမယ်ဆိုရင် တပ်မတော်က ဝင်ရောက်တာဝန်ယူ လာစရာအကြောင်း မရှိပါ။

နောက်ဆုံး ၁၉၈၈ ခုနှစ် အရေးအခင်းကြီးမှာလည်း မင်းမဲ့စရိုက်ဆိုးတွေ ကြီးစိုးလွှမ်းမိုးလာပြီး အရပ်ဘက်အင်အားစုတွေအနေနဲ့ ဘယ်လိုမှထိန်းသိမ်းနိုင်စွမ်း မရှိတော့ဘဲ ပြည်သူတွေ ကျီးလန့်စာစားဘဝနဲ့ နိုင်ငံတော် အန္တရာယ် ကြုံရတော့မယ့်အချိန်မှာ တပ်မတော်က မလွှဲမရှောင်သာနိုင်ဘဲ နိုင်ငံတော်တာဝန်ကို ဝင်ရောက်ထမ်းဆောင်လာခဲ့ရတာဖြစ်ပါတယ်။ တပ်မတော်က အခုလို နိုင်ငံတော်တာဝန်ကို ဝင်ရောက်ထမ်းဆောင်လာခဲ့ရမှုဟာ အကျိုးအကြောင်း ဆက်စပ်ဖြစ်ပေါ်လာမှုသာ ဖြစ်ပါတယ်။ လောကမှာ ဘယ်အရာမဆို အကျိုးမဲ့၊ အကြောင်းမဲ့ ဖြစ်ပေါ်လေ့မရှိလို့ ဖြစ်ပါတယ်။ ဒါကြောင့် တပ်မတော်က နိုင်ငံတော်တာဝန်ကို ဝင်ရောက်ထမ်းဆောင်နေရမှုအပေါ် ပုတ်ခတ်တိုက်ခိုက်နေမှုတွေဟာ ပကတိအခြေအနေမှန်ကို အကျိုးအကြောင်းမဲ့စွာ ဆန့်ကျင်မှုသက်သက်သာ ဖြစ်ပါတယ်။

ဒီကနေ့လို ဈေးကွက်စီးပွားရေးနဲ့ ဒီမိုကရေစီနိုင်ငံတော် ထူထောင်သွားနေတဲ့ အချိန်အခါမျိုးမှာ အမှန်တကယ် ဒီမိုကရေစီ ထွန်းကားရေးကို လိုလားတယ်ဆိုရင် စီးပွားရေးကုန်ထုတ်စွမ်းအားစုများ ခေတ်မီ ဖွံ့ဖြိုးတိုးတက်ရေး၊အခြေခံလူမှုဘဝအဆင့်အတန်းတွေ မြင့်မားတိုးတက်ရေး၊ ပြည်သူလူထုတစ်ရပ်လုံး အသိတရားပြည့်ဝစွာ ဆင်ခြင်တုံတရား လက်ကိုင်ထားလာနိုင်ရေး၊ ဒီမိုကရေစီ အလေ့အကျင့်ကောင်းများ ရရှိရေးကိုသာ ရှေးရှုပြီး တပ်မတော်၊ ပြည်သူနဲ့ နိုင်ငံရေးပါတီ အဖွဲ့အစည်းတွေ တစ်စိတ်တစ်ဝမ်းတည်း ပူးပေါင်းလက်တွဲကြိုးပမ်းသွားကြဖို့ပဲ ဖြစ်ပါတယ်။

ဒီအပေါ်မျက်ကွယ်ပြုပြီး အနောက်ဥရောပ ဒီမိုကရေစီကို ချက်ချင်းပုံတူကူးလိုတဲ့ ပါတီအဖွဲ့အစည်းတွေက တည်ဆဲ တပ်မတော်အစိုးရအပေါ် ထိပ်တိုက်ရင်ဆိုင်ဆန့်ကျင်ရေးလမ်းစဉ်ကို ချမှတ်ကျင့်သုံးလာခဲ့ကြပါတယ်။ မိမိတို့ လူမှုဘဝနဲ့အညီ ဒီမိုကရေစီနိုင်ငံထူထောင်မှုကို ဆန့်ကျင်ပြီး အနောက်ဒီမိုကရေစီ ပုံတူကူးရေးကိုသာ တစိုက်မတ်မတ် တောင်းဆိုလာခဲ့ကြပါတယ်။ ပြည်ပအနောက်နိုင်ငံတွေအပေါ် အားကိုးပြီး တည်ဆဲတပ်မတော်အစိုးရကို အဆိုးမြင်ဝါဒကျင့်သုံးလာခဲ့ကြပါတယ်။ အမေရိကန်နဲ့ အနောက်အုပ်စု အပေါင်းပါနိုင်ငံတွေကလည်း မြန်မာနိုင်ငံအပေါ် စီးပွားရေး ပိတ်ဆို့အရေးယူမှုတွေ တိုးမြှင့်ပြီး အဲဒီလိုအနောက်မျှော်ပါတီအဖွဲ့အစည်းတွေကိုသာ တစ်ဖက်စောင်းနင်း အားပေးထောက်ခံနေကြပါတယ်။ ဒါကြောင့် နိုင်ငံရေးပါတီ အဖွဲ့အစည်းအချို့ဟာ အစိုးရနဲ့ တင်းမာမှုတွေ ဖြစ်လာခဲ့ရပါတယ်။ အမျိုးသား သင့်မြတ်စည်းလုံးရေးကို ကျောခိုင်းခဲ့ကြပါတယ်။

အမေရိကန်နဲ့ အနောက်အုပ်စုအပေါင်းပါတွေအနေနဲ့ သူတို့ရဲ့ စီးပွားရေးပိတ်ဆို့မှုကြောင့် အကျပ်အတည်းကြုံလာရင် ဒီမိုကရေစီအုံကြွမှုကြီး ဖြစ်ပေါ်လာမယ်လို့ မျှော်လင့်နေရင်တော့ ဒါဟာ အလွန်လွဲမှားပါတယ်။ အဲဒီလို စီးပွားရေး အကျပ်ဆိုက်လာတဲ့ လူ့အဖွဲ့အစည်းတစ်ရပ်မှာ ဒီမိုကရေစီနဲ့ ဖြောင့်ဖြောင့်ကြီးဆန့်ကျင်တဲ့ မင်းမဲ့စရိုက်ဆိုးတွေသာ ပေါ်ထွက်လာမှာဖြစ်ပါတယ်။ စီးပွားရေးကျပ်တည်းနေတဲ့ လူ့အဖွဲ့အစည်းတစ်ရပ်မှာ အသိပညာလေ့လာလိုက်စားမှုတွေ၊ ကိုယ်ကျင့်တရား ပြည့်ဝမှုတွေနဲ့ စည်းကမ်းသေဝပ်မှုတွေမရှိနိုင်လို့ ဖြစ်ပါတယ်။

အခုလို အမေရိကန်နဲ့ အနောက်အုပ်စု အပေါင်းပါနိုင်ငံအချို့က လက်ရှိကျင့်သုံးနေတဲ့ နိုင်ငံတစ်ရပ်အပေါ် စီးပွားရေးပိတ်ဆို့အရေးယူမှုတွေဟာ အောင်မြင်မှုရဖို့အတွက် ဒီနေ့ကမ္ဘာပေါ်မှာ ကာလဒေသပတ်ဝန်းကျင်မျိုး မရှိတော့ပါ။ ဒီကနေ့ခေတ်ဟာ ကမ္ဘာ့ဈေးကွက်ကြီးကို အင်္ဂလန်တစ်နိုင်ငံတည်းက ခြယ်လှယ်လွှမ်းမိုးထားနိုင်တဲ့ခေတ်မျိုး၊ အမေရိကန်တစ်နိုင်ငံတည်းက ခြယ်လှယ်လွှမ်းမိုးထားနိုင်တဲ့ ခေတ်မျိုး မဟုတ်တော့ပါ။ ကမ္ဘာ့တိုက်ကြီးတွေရဲ့ ဒေသအသီးသီးမှာ စက်မှုအရင်းရှင်နိုင်ငံကြီးငယ်တွေ ပေါ်ပေါက်လာနေကြပြီ ဖြစ်ပါတယ်။ ဒီကနေ့ ကမ္ဘာပေါ်မှာ အမေရိကန်ပြည်ထောင်စုရယ်၊ ဥရောပသမဂ္ဂနိုင်ငံများရယ်၊ တရုတ်၊ ဂျပန်၊ တောင်ကိုရီးယားနဲ့ အာဆီယံနိုင်ငံများရယ်လို့ ကမ္ဘာ့အရင်းရှင်အုပ်စု သုံးပွင့်ဆိုင်တည်ရှိနေပြီ ဖြစ်ပါတယ်။ ဒီကမ္ဘာ့ အရင်းရှင်အုပ်စု သုံးပွင့်ဆိုင်ဟာ နိုင်ငံတကာပြဿနာတွေအပေါ် ချဉ်းကပ်ဖြေရှင်းရာမှာ သူ့မူသူ့ဟန်နဲ့ ကွဲပြားခြားနားစွာ ကျင့်သုံးနေကြပြီ ဖြစ်ပါတယ်။

မြန်မာနိုင်ငံအပေါ်မှာ အမေရိကန်နဲ့ ဥရောပသမဂ္ဂနိုင်ငံအချို့က စီးပွားရေးပိတ်ဆို့အရေးယူပေမယ့် အာဆီယံ၊ တရုတ်၊ ဂျပန်၊ တောင်ကိုရီးယားနိုင်ငံတွေနဲ့ အာရှနိုင်ငံတွေက မြန်မာနိုင်ငံအပေါ် အပြုသဘော ပိုမိုတိုးမြှင့်ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

ဒါပေမယ့် အမေရိကန်နဲ့ အနောက်အုပ်စုအပေါင်းပါနိုင်ငံအချို့ကတော့ သူတို့ဩဇာခံဖြစ်ရေးအတွက် တစ်ပါးနိုင်ငံများအပေါ် အင်အားသုံးကျူးကျော်မှု၊ တစ်ပါးနိုင်ငံများရဲ့ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်မှု၊ သွေးခွဲသပ်လျှိုမှုတွေကို နည်းပေါင်းစုံနဲ့ ကျင့်သုံးလျက်ရှိပါတယ်။

ဥပမာတစ်ခုပြရမယ်ဆိုရင် ဆွီဒင်နိုင်ငံက အဲလ်ဖရက်နိုဘယ်လ်ရဲ့ နှစ်စဉ်ရွေးချယ်ပေးတဲ့ ပညာရပ်ဆိုင်ရာ ဆုများအပြင် နော်ဝေနိုင်ငံက ရွေးချယ်ပေးသော ငြိမ်းချမ်းရေးနိုဘယ်လ်ဆုကိုရော ဆွီဒင်နိုင်ငံက ရွေးချယ်ပေးတဲ့ ပညာရပ်ဆိုင်ရာနဲ့ စာပေဆုကိုပါ အမေရိကန်က ဝင်ရောက်စွက်ဖက်ခြယ်လှယ်နေပါတယ်။

သိပ္ပံပညာရပ်၊ ဆေးပညာရပ်၊ ဘောဂဗေဒပညာရပ်ဆုအများစုကို အမေရိကန်တွေပဲ ရရှိအောင်၊ တစ်ချိန်က ဆိုဗီယက်နဲ့ အခြားဆိုရှယ်လစ်နိုင်ငံတွေက မရရှိအောင် စာပေဆု၊ ငြိမ်းချမ်းရေးနိုဘယ်လ်ဆုတွေကို အမေရိကန်စီအိုင်အေရဲ့အလိုကျ လိုက်နာလုပ်ရှားသူများ အထူးသဖြင့် အမေရိကန်တို့ မလိုလားတဲ့ နိုင်ငံအစိုးရများကို ဆန့်ကျင်တိုက်ခိုက်နေတဲ့ အတိုက်အခံတွေရရှိအောင် စီအိုင်အေက ဖန်တီးကြိုးကိုင်နိုင်ခဲ့တယ်လို့ ဆိုပါတယ်။

ဒီကနေ့ မြန်မာနိုင်ငံမှာ တပ်မတော်အစိုးရရဲ့ အမျိုးသားသင့်မြတ်စည်းလုံးရေးအတွက် ကြိုးပမ်းမှုတွေကို နိုင်ငံရေးပါတီအဖွဲ့အစည်းအချို့က ဆန့်ကျင်နေတာဟာလည်း အမေရိကန်နဲ့ အနောက်အုပ်စု အပေါင်းပါနိုင်ငံအချို့ရဲ့ တစ်ဖက်သတ် စွက်ဖက်မှုနဲ့ အားပေးအားမြှောက်ပြုနေမှုတွေကြောင့်ပဲ ဖြစ်ပါတယ်။

ဘယ်လိုပင်ဖြစ်ပါစေ။ တပ်မတော်အစိုးရကတော့ သမိုင်းသင်ခန်းစာတွေကိုရယူပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကို မူဝါဒလမ်းစဉ်(၇)ရပ်နဲ့အညီ အမျိုးသား သင့်မြတ်စည်းလုံးရေးကြိုးပမ်းမှုဖြင့် မဆုတ်မနစ်မဖြစ်မနေ ထူထောင်သွားမှာသာ ဖြစ်တယ်ဆိုတာကို တွေ့မြင်နေရကြောင်း တင်ပြလိုက်ရပါတယ်။ ။

ညောင်သုံးခွ ဝိပဿနာ ဓမ္မရိပ်သာကျောင်းတိုက် တရားစခန်းပွဲ

ရန်ကုန် ဇန်နဝါရီ ၁၃

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် အမှတ်(၁)ရပ်ကွက် ညောင်သုံးခွ ဝိပဿနာ ဓမ္မရိပ်သာ ကျောင်းတိုက်၌ ဇန်နဝါရီ ၂၃ ရက် ညမှစ၍ ဇန်နဝါရီ ၃၀ ရက်ညအထိ မူလကသစ်ဝိုင်၏ နည်းနိဿယအတိုင်း ပဓာနနာယက ဆရာတော် အရှင်သာသနက တရားတော်များ ဟောကြားပြသမည်ဖြစ်ရာ တရားစခန်းဝင်လိုသူများ ဖုန်း- ၆၆၀၈၄၈သို့ ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က-ပ)

ဆွမ်းဒါနအောင်ပွဲတရားပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၃

ပုဇွန်တောင်မြို့နယ် (၇)ရပ်ကွက် အင်္ဂါလူငယ်(ဝါတွင်း) ဆွမ်းလောင်းအဖွဲ့က ဆွမ်းဒါနအောင်ပွဲအဖြစ် ဇန်နဝါရီ ၁၆ ရက်တွင် ပင့်သံဃာတော် ၁၁၅ ပါးတို့အား ဆွမ်းဆန်စိမ်းလောင်းလှူခြင်း၊ စာရေးတံမဲများ ဆက်ကပ်လောင်းလှူခြင်း၊ မဟာဒုက်ဘုရားကံစမ်းမဲများ ဖွင့်လှစ်လှူဒါန်းပူဇော်ခြင်း၊ ၁၉ ရက်တွင် ဓမ္မဒူတ ဆရာတော် အရှင်ဆေကိန္ဒ၊ ၂၀ ရက်တွင် ဓမ္မစေတီဆရာတော် အရှင်ဦးကောသလ္လ၊ ၂၁ ရက်တွင် (ရွှေပါရမီတောရ) ဆရာတော်အရှင်ဆန္ဒာဓိကတို့က ပုဇွန်တောင်မြို့နယ် ရွှေဘုန်းပွင့်စေတီတော် အာရုံခံတန်ဆောင်းတွင် တရားတော်များ ဟောကြားမည်ဖြစ်သည်။ (က-ပ)

ရန်ကုန် တောင်ပိုင်းခရိုင် သန်လျင်မြို့ တပ်တွင်းအခြေခံပညာ မူလတန်းလွန်ကျောင်း၏ ၂၀၀၃-၂၀၀၄ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲကို ဒီဇင်ဘာ ၂၀ ရက်က ကျောင်းခန်းမ၌ ကျင်းပရာ ဒုတိယတန်းတွင် ပညာရည် ထူးချွန်ဆုရရှိသော မောင်ကောင်းထက်လူအေးအား ကျောင်းအုပ်ဆရာကြီးဦးသန်းထွန်း ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (၈၆)

လှိုင်သာယာမြို့နယ် အမက (၃၇)၏ ၂၀၀၄-၂၀၀၅ ခုနှစ်ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲကိုဇန်နဝါရီ ၅ ရက်က ကျင်းပရာ ပထမဆုရရှိသူ တတိယတန်း(ခ)မှ မောင်အောင်ဘုန်းကျော်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်နွယ်နီစိုး ဆုချီးမြှင့်စဉ်။ (၅၃၉)

မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၃

အလက(၃)အလုံ ရန်ကုန် ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ဒုတိယအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၃ ရက်တွင် အလက(၃)အလုံ သဇင်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အလှူငွေထည့်ဝင်လိုသူများ အလက (၃) အလုံ ဖုန်း-၂၂၁၇၁၂၊ ဒေါ်စန်းစန်း ဖုန်း-၅၂၇၇၁၄နှင့် ဒေါ်ကြည်ကြည်လွင် ဖုန်း- ၂၁၁၀၃၂တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၄-၁-၂၀၀၅ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ လက်စွမ်းပြဟန် ဂီတသံ
၄:၂၀ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၃၀ ၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
၄:၄၀ ၆။ မျိုးချစ်တပ်မတော်
၄:၅၀ ၇။ အလွမ်းတေးပန်းချီ ချစ်သူဆီ
၅:၀၀ ၈။ **အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်**
-English Literature 8 Drama
-(အင်္ဂလိပ်စာအထူးပြု)
၅:၃၀ ၉။ ပညာခေတ်
၅:၄၅ ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
၆:၂၀ ၁၃။ မိုးလေဝသသတင်း
၆:၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀ ၁၅။ **"ထူးခြားသောကလေးငယ်" ကာတွန်းဇာတ်လမ်း**
၆:၅၀ ၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀ ၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "အင်တာနက်ချစ်သက်လျာ" (အပိုင်း-၁)**
၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၀။ မြန်မာ့ရှုခင်း
၂၁။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ရတနာသိုက်နဲ့ရန်နိုင်ဓား" (အပိုင်း-၃၇)**
၂၃။ သင့်အတွက်မနက်ဖြန်
၂၄။ အပိတ်နှုတ်ဆက်စကား
၂၅။ ပြီးပါပြီ။

လားရှိုးမြို့ ရန်အောင်မြင် ရှေးဟောင်းဆုတောင်းပြည့်စေတီတော် အထက်ဥာပနာတော်သွင်း၊ ရွှေထီးတော်တင်နှင့် အနေကဇာတင်အခမ်းအနား ကျင်းပ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး တက်ရောက်ကြည်ညို

ရန်ကုန်　ဇန်နဝါရီ　၁၃

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးသည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း) ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လွိုင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အလှူရှင်များနှင့်အတူ ဇန်နဝါရီ ၁၁ ရက် နံနက် ၇နာရီတွင် လားရှိုးမြို့ ရန်အောင်မြင် ရှေးဟောင်းဆုတောင်းပြည့်စေတီတော် အထက်ဥာပနာတော်သွင်း၊ ရွှေထီးတော်တင်နှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားသို့ တက်ရောက်ကြည်ညိုရာ ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ကြသည်။

ယင်းနောက် ပရိသတ်များက နိုင်ငံတော် သြဝါဒါစရိယ လားရှိုးမြို့ ကန်ပိုင်းကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ မုနိန္ဒထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်သဲ၊ ပရိတ်ချည်များကို ဆရာတော်များထံ ဆက်ကပ်ကြပြီး ဆရာတော် သံဃာတော်တို့က မေတ္တာသုတ် ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူကြသည်။

ယင်းနောက် ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်သဲ၊ ပရိတ်ချည်များကိုယူဆောင်၍ စေတီတော်ရင်ပြင်၌ ပက်ဖျန်း ချည်နှောင်ပေးကြသည်။

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယ ဗိုလ်ချုပ်ကြီး အောင်ထွေး၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်လွိုင်နှင့် တာဝန်ရှိသူများက ဗုဒ္ဓရုပ်ပွားဆင်းတုတော်များ၊ စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော် ဘုံအဆင့်ဆင့်နှင့် လှူဖွယ်ပစ္စည်းများကို ဆရာတော် သံဃာတော်များထံ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် တိုင်းမှူးက စေတီတော်တည်ဆောက်ခဲ့ကြသော ဗိသုကာပညာရှင်များကိုယ်စား အင်ဂျင်နီယာမှူးကြီး ဦးကျော်မင်းသိန်းအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်ပြီး ဗိသုကာပညာရှင် အင်ဂျင်နီယာများ၏ ကိုယ်စား အင်ဂျင်နီယာမှူးကြီး ဦးကျော်မင်းသိန်းက ရန်အောင်မြင် ရှေးဟောင်းဆုတောင်းပြည့် စေတီတော်မြတ်ကြီးအား ဘုရားဒါယိကာ၊ ဒါယိကာမများထံ ပြန်လည်အပ်နှံသည်။

ဆက်လက်၍ မြို့နယ် သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် လားရှိုးမြို့ ခါးရိုးပရိယတ္တိစာသင်တိုက် ဆရာတော်ဘဒ္ဒန္တ သုမနထံမှ အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး အမှူးပြုသော ဘုရားဒါယကာများက စေတီတော်ကြီး၏ စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ထီးတော် ဘုံအဆင့်ဆင့်နှင့် ဗုဒ္ဓရုပ်ပွား ဆင်းတုတော်များအား ပင့်ဆောင်၍ ဒေဝါဝင်း၊ ရာဇာဝင်းများ ခြံရံလျက် စေတီတော်ကြီးကို လက်ယာရစ် တစ်ပတ်လှည့်လည်ပူဇော်၍ ရွှေလီမင်္ဂလာရထားပျံမဏ္ဍပ်သို့ ပင့်ဆောင်ကြသည်။

ထို့နောက်မင်္ဂလာအချိန်တွင် တိုင်းမှူး ဗိုလ်ချုပ်မြင့်လွိုင်က ဗုဒ္ဓရုပ်ပွား ဆင်းတုတော်များအား အထက်ဥာပနာတိုက်အတွင်း ထည့်သွင်းပူဇော်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးနှင့် တာဝန်ရှိသူများက ရွှေထီးတော် ဘုံအဆင့်ဆင့်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်တို့ကို ဆင်းရွှေလီမင်္ဂလာရထားပျံပေါ်သို့ ပင့်ဆောင်၍ အမွှေးနံ့သာရည်များ ပက်ဖျန်းပြီး စေတီတော်အထွတ်ကို ပင့်ဆောင်ပေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေး၊ တိုင်းမှူးနှင့် ဒုတိယဝန်ကြီးတို့က မင်္ဂလာအချိန်တွင် ရွှေထီးတော် ဘုံအဆင့်ဆင့်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို စေတီတော်အထွတ်၌ တင်လှူပူဇော်ပေး၍ ရတနာရွှေမိုးငွေမိုးများ ရွာသွန်းဖြိုးပေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေး၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် စေတီတော်ကြီး၏ ရင်ပြင်အတွင်း စိုက်ပျိုးထားသော မဟာဗောဓိပင်ပျိုအား မြေဆီမြေလွှာ မြေဩဇာများ ထည့်သွင်း၍ ရေစင်သွန်းလောင်းပူဇော်ကြပြီး ဗောဓိပင်အား လက်ယာရစ် တစ်ပတ်လှည့်လည် ပူဇော်ကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဖူးမြော်ကြည်ညို

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေး၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် စေတီတော်ကြီး၏ ထောင့်လေးထောင့်၌ ပူဇော်ထားသော ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအား ပန်း၊ ဆီမီး၊ အမွှေးနံ့သာတိုင်များ ကပ်လှူ၍ ဖူးမြော်ကြည်ညိုကြသည်။

ထိုမှတစ်ဆင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးသည် တိုင်းမှူး ဗိုလ်ချုပ်မြင့်လွိုင်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် လားရှိုးမြို့ ဆင်းရွှေလီဘိုးဘွားဗိမာန်သို့ ရောက်ရှိရာ ဆင်းရွှေလီ ဘိုးဘွားဗိမာန် ပင်မဆောင်နှင့် သုံးခန်းတွဲ ဝန်ထမ်းအိမ်ရာ တည်ဆောက်ရေး လုပ်ငန်းအတွက် စုစုပေါင်း ကုန်ကျငွေ ကျပ်သိန်း ၁၅၅၀ ကို အလှူရှင် ဦးသန်းဝင်းမိသားစုက ပေးအပ် လှူဒါန်းပြီး ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးက လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ဆင်းရွှေလီ ဘိုးဘွားဗိမာန် စတင်တည်ထောင်သူ ဂုဏ်ထူးဆောင် နာယက ဒေါက်တာ ကမ္ဘောဇခင်လှိုင်က ဆင်းရွှေလီ ဘိုးဘွားဗိမာန် အဆောက်အအုံများနှင့် ပတ်သက်သော စာရွက်စာတမ်းများကို ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်ထံ လွှဲပြောင်းပေးအပ်ပြီး ဒေါက်တာ ကမ္ဘောဇခင်လှိုင်က ဆင်းရွှေလီ ဘိုးဘွားဗိမာန် ဖြစ်ထွန်းပေါ်ပေါက်လာပုံ သမိုင်းအကျဉ်းနှင့် ရေရှည်တည်တံ့စေရေးအတွက် ဆောင်ရွက်ထားမှုများကို ရှင်းလင်းတင်ပြသည်။

ကြည့်ရှုအားပေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးနှင့် ဇနီးတို့က ဆင်းရွှေလီဘိုးဘွားဗိမာန် အဘိုး ၁၀ ဦး၊ အဘွား ၁၇ ဦးတို့အတွက် အနွေးထည်၊ ခြုံထည် အသုံးအဆောင်ပစ္စည်းများနှင့် အလှူငွေများ ပေးအပ်လှူဒါန်းပြီး ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးက ဆင်းရွှေလီ ဘိုးဘွားဗိမာန်တိုးတက်ရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် အမှာစကား ပြောကြား၍ အဘိုး၊ အဘွားများအား နေ့လယ်စာ အာဟာရတည်ခင်းဧည့်ခံမှုကို ကြည့်ရှုအားပေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေး၊ တိုင်းမှူးနှင့် အဖွဲ့သည် လားရှိုးမြို့ ရေပူစမ်းကျေးရွာ၌ ပြည်နယ်ရဲတပ်ဖွဲ့၏ ဆင်းရွှေလီ အထွက်တိုး စပ်မျိုးနှမ်းစပါးနှင့် ဆန်မွှေး စိုက်ပျိုးမည့်နေရာသို့ ရောက်ရှိကြရာ တွဲဖက်ပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဝင်းနိုင်နှင့် တာဝန်ရှိသူများက ဆင်းရွှေလီ စပ်မျိုးစပါး တစ်ဧက တင်း ၂၀၀ ထွက်ရှိသည့် နှမ်းစပါး ငါးဧကစာ ပျိုးထောင်ထားရှိမှုနှင့် အထွက်ကောင်း ဆင်းရွှေလီဆန်မွှေး နှမ်းစပါး ငါးဧကစာ ပျိုးထောင်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်မြင့်လွိုင်က အထွက်ကောင်း ဆင်းရွှေလီ စပ်မျိုးနှမ်းစပါးနှင့် ဆင်းရွှေလီ ဆန်မွှေး စိုက်ပျိုးထုတ်လုပ်နိုင်မှု၊ မျိုးစပါးများ စုဆောင်းထားရှိမှု၊ စမ်းသပ်ထုတ်လုပ်နိုင်မှု အခြေအနေများကို ဖြည့်စွက်တင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးသည် ပျိုးခင်းအတွင်း ဆင်းရွှေလီ နှမ်းစပါး ပျိုးထောင်ထားမှု၊ မြေဆီမြေဩဇာများ ပက်ဖျန်းဆောင်ရွက်မှု၊ စိုက်ကွင်းပြင်ဆင်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဒုတိယ ဗိုလ်ချုပ်ကြီး အောင်ထွေး၊ တိုင်းမှူး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် နံနက် ၁၁ နာရီတွင် ထူးမွန် ဆည်ရေသောက်စပါးစိုက်ခင်း တောင်သူလယ်သမားခန်းမသို့ ရောက်ရှိပြီး ဆင်းရွှေလီ အထူးအထွက်တိုး စပ်မျိုးစပါး စိုက်ပျိုးရေးလုပ်ငန်းများတွင် ထူးချွန်စွာ ဆောင်ရွက်ခဲ့ကြသော ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် တောင်သူများအား ဂုဏ်ပြုချီးမြှင့်ပွဲအခမ်းအနားသို့ တည်ရောက်ကြသည်။

အစီအစဉ်အရ ရှေးဦးစွာ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်က ဆင်းရွှေလီ အထူးအထွက်တိုး စပ်မျိုးစပါး ထုတ်လုပ်မှုနှင့် စိုက်ပျိုးရေးလုပ်ငန်းများတွင် ထူးချွန်စွာ ဆောင်ရွက်ခဲ့ကြသူများအား ဂုဏ်ပြုရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးက ထူးချွန်စွာဆောင်ရွက်ခဲ့ကြသော စိုက်ပျိုးရေးကြီးကြပ်မှု အဖွဲ့ခေါင်းဆောင်များဖြစ်သည့် အရှေ့မြောက်တိုင်း စစ်ဌာနချုပ်မှ စစ်ဗျူဟာမှူး ဒုတိယဗိုလ်မှူးကြီး ဝင်းရှိန်၊ ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဝင်းနိုင်၊ လားရှိုးခရိုင် ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးသန်းထွန်းနှင့် နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီးတင်ဝင်းတို့အား ဂုဏ်ပြုပစ္စည်းများ ပေးအပ်ချီးမြှင့်ပြီး တိုင်းမှူး ဗိုလ်ချုပ်မြင့်လွိုင်က ထူးချွန်စွာ ဆောင်ရွက်ခဲ့ကြသော စိုက်ပျိုးရေးဝန်ထမ်း ၁၂ ဦးတို့အား ဂုဏ်ပြုပစ္စည်းများ အသီးသီး ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေး၏ ဇနီး ဒေါ်ခင်နှင်းဝေ၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်လွိုင်၏ဇနီး ဒေါ်ခင်သန့်စင်နှင့် တပ်မတော် အရာရှိကြီးများ၏ ဇနီးများက ထူးချွန်တောင်သူများအား ဂုဏ်ပြုပစ္စည်းများ ပေးအပ်ကြသည်။

ယင်းနောက် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်က လယ်ယာစီးပွားထူးချွန် တတိယဆင့်ရရှိသော ဦးစိုင်းစံထွန်းနှင့် ဦးစိုင်းစီတို့အား ဂုဏ်ပြုလက်ဆောင်များပေးအပ်၍ တောင်သူ ဦးစိုင်းစံထွန်းက ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးနှင့် ဧည့်သည်တော်များသည် ခင်းကျင်းပြသထားသော ဆင်းရွှေလီ အထွက်ကောင်း ဆန်နမူနာများ၊ ဆင်းရွှေလီ ကောက်ညှင်းဆန်၊ ဆင်းရွှေလီ ဆန်မွှေး၊ ဆင်းရွှေလီ နေကြာနှင့် ပဲပုပ်တို့ကို လည်းကောင်း၊ ထူးမွန် ဆည်ရေသောက် စိုက်ပျိုးမြေဧရိယာအတွင်း အထွက်ကောင်း ဆင်းရွှေလီ ပဲပုပ်ဧက ၁၀၀ စိုက်ပျိုးထားမှု အခြေအနေများကို လည်းကောင်း လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါ အခမ်းအနားတွင် ဆင်းရွှေလီ အထူးအထွက်တိုး စပ်မျိုးစပါး ထုတ်လုပ်မှုလုပ်ငန်း၌ ထူးချွန်စွာ ဆောင်ရွက်ခဲ့ကြသော ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် တောင်သူများအား စုစုပေါင်း ငွေကျပ် ၁၅၈ သိန်း တန်ဖိုးရှိ ဂုဏ်ပြုပစ္စည်းများ ပေးအပ်ချီးမြှင့်သည်။

(သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား ထိုင်းနိုင်ငံ ကုမ္ပဏီဥက္ကဋ္ဌနှင့်အဖွဲ့ တွေ့ဆုံ

ရန်ကုန်　ဇန်နဝါရီ　၁၃

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား ရန်ကုန်မြို့တွင် ရောက်ရှိနေသော ထိုင်းနိုင်ငံမှ Shin Satellite Co., Ltd. ဥက္ကဋ္ဌ Dr. Nong Luck Phinainitisart နှင့်အဖွဲ့သည် ယနေ့နံနက် ၁၁ နာရီခွဲတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။ **(အပေါ်ပုံ)**

တက်ရောက်

ထိုသို့ တွေ့ဆုံရာတွင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့်လုပ်ငန်းများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး ရုံးအဖွဲ့မှူးတို့ တက်ရောက်ကြသည်။

ယင်းသို့ တွေ့ဆုံရာတွင် ပြန်ကြားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးကြသည်။ (သတင်းစဉ်)

မိုးကုတ်ဝိပဿနာ တရားဟောကြားမည်

ရန်ကုန်　ဇန်နဝါရီ　၁၃

ကရင်ပြည်နယ် မိုးကုတ် ဝိပဿနာ တရားစခန်းပွဲများကို ကော့ကရိတ်မြို့နယ် ဖန်ခါးကုန်း (ဝင်းပုတ်) ကျေးရွာ၌ ဇန်နဝါရီ ၂၈ ရက်မှ ဖေဖော်ဝါရီ ၁ ရက်ထိ၊ သလွဲထော် ကျေးရွာ၌ ဖေဖော်ဝါရီ ၃ ရက်မှ ၇ ရက်ထိ၊ ဘားအံမြို့နယ် ကျုံစောက် (ပအိုဝ်း) ကျေးရွာ၌ ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၄ ရက်ထိ ကျင်းပမည်ဖြစ်သည်။

ယင်းစခန်းပွဲများတွင် ဓမ္မကထိက အရှင်ဝိသုဒ္ဓါစာရ (နတ်မောက်)နှင့် ဆရာဦးသန့်ဇင် (အဖွဲ့ချုပ်)တို့က ဟောကြားမည်ဖြစ်သည်။ (က–ပ)

အာဟာရကျွေးမွေးရေး အစီအစဉ်အရ တောင်ဥက္ကလာပမြို့နယ် အမက (၄)တွင် ဇန်နဝါရီ ၁၃ ရက်က အလှူရှင် ဦးသန်းဌေး၊ ဒေါ်သီတာလွင်တို့၏သား မောင်စည်သူသန်းဌေး (ဒုတိယတန်း) ၏ မွေးနေ့အဖြစ် ကျောင်းသား၊ ကျောင်းသူများအား ကြက်ကြာဆံကြော် ကျွေးမွေးရာ ကျောင်းအုပ်ဆရာကြီး ဦးမျိုးခင်နှင့် ဆရာ၊ ဆရာမများ၊ အလှူရှင်များက ကျွေးမွေးကြစဉ်။ (၆၃)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ငပုတောမြို့နယ် ချောင်းဝကျေးရွာ အခြေခံပညာအထက်တန်းကျောင်း သဇင်ဆောင်၌ကျင်းပသည့် သဘာဝရေလှိုင်းဘေးဒဏ်ခံခဲ့ရသည့် ငပုတောမြို့နယ်ရှိ ကျေးရွာကိုးရွာမှ ဒေသခံပြည်သူများအား နိုင်ငံတော်နှင့် လူမှုရေးအသင်းအဖွဲ့များ၊ အလှူရှင်များက ကယ်ဆယ်ရေးပစ္စည်းများထောက်ပံ့လှူဒါန်းပွဲတွင် ဒေသခံပြည်သူများအတွက် အဝတ်အထည်နှင့်ပစ္စည်းများ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

● **ရွှေ့ဖုံးမှ**

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ညောင်တုန်းမြို့နယ်၊ ပန်းတနော်မြို့နယ်နှင့် ကျောင်းကုန်းမြို့နယ် လမ်းဘေး ဝဲ/ယာ တစ်လျှောက်၌ စိုက်ပျိုးထားသော နွေစပါးနှင့် ဆောင်းသီးနှံစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ကျောင်းကုန်းမြို့နယ် ဇီးချောင်ကျေးရွာအုပ်စုသို့ရောက်ရှိပြီး ဒေသခံတောင်သူလယ်သမားကြီးများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ နွေစပါးကို သတ်မှတ်လျာထားချက်ထက် ပြည့်မီကျော်လွန်အောင် စိုက်ပျိုးနိုင်ရေးဆွေးနွေးမှာကြားကာ တောင်သူလယ်သမားကြီးများ၏ လုပ်ငန်းအခက်အခဲများကို မေးမြန်း၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဇီးချောင်ကျေးရွာအုပ်စုရှိ နွေစပါးစိုက်ခင်း၌ အသုံးပြုလျက်ရှိသည့် ပုသိမ် စက်မှုဇုန်က တီထွင်ထုတ်လုပ်သော တစ်နာရီလျှင် ရေဂါလန် ၂၅၀၀ ရေသွင်းအသုံးပြုနိုင်သည့် လက်လှည့် ရေတင်ကိရိယာနှင့် တစ်နာရီလျှင် ရေဂါလန် ၃၈၀၀ရေသွင်းအသုံးပြုနိုင်သည့် ခြေနင်းရေတင်ကိရိယာတို့ကိုလည်းကောင်း၊ ၂၀၈ ဧကရှိ မနောသုခနွေစပါးစိုက်ခင်းကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

မိုးစပါး/နွေစပါး

ကျောင်းကုန်းမြို့နယ်၌ မိုးစပါးစုစုပေါင်း ၁၀၆၀၂၇ ဧက စိုက်ပျိုးပြီး ၁၀၃၈၂၃ဧက ရိတ်သိမ်းပြီးဖြစ်ကြောင်း သိရသည်။ ထို့အတူ နွေစပါးကို ၂၀၀၄-၂၀၀၅ ခုနှစ်အတွင်း ဧက ၅၃၆၃၀ စိုက်ပျိုးရန် လျာထားသည့်အနက် ဧက၁၅၂၀၀ စိုက်ပျိုးပြီးဖြစ်ကြောင်းသိရသည်။

ဧရာဝတီတိုင်း၏ ၂၀၀၄-၂၀၀၅ခုနှစ် မိုးစပါးစိုက်ပျိုးဧရိယာ ၃၅၀၈၂၉၁ ဧကအနက် ၃၄၃၀၀၈၂ ဧကရိတ်သိမ်းပြီးဖြစ်ကြောင်းနှင့် နွေစပါးစိုက်ပျိုးပြီးစီးမှုမှာ လျာထားဧရိယာ ၁၇၃၁၅၄၅ ဧကအနက် ဧကခြောက်သိန်းလေးသောင်းကျော် စိုက်ပျိုးပြီးဖြစ်ကြောင်းသိရသည်။

ဆောင်းသီးနှံ

အလားတူ ဧရာဝတီတိုင်း၏ ၂၀၀၄-၂၀၀၅ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးပြီးစီးမှုမှာ ပဲမျိုးစုံ ဧက ၁၄၂၄၇၆၀ လျာထားသည့်အနက် ၁၄၅၄၀၁၂ ဧက စိုက်ပျိုးပြီးဖြစ်ရာ ရာခိုင်နှုန်းအားဖြင့် ၁၀၂ ဒသမ ၀၅ ရာခိုင်နှုန်း၊ ငရုတ် ဧက ၅၅၀၀၀ လျာထားသည့်အနက် ၆၇၃၄၅ ဧက စိုက်ပျိုးနိုင်ပြီး ရာခိုင်နှုန်းအားဖြင့် ၁၂၂ဒသမ၄၅ ရာခိုင်နှုန်း၊ ဟင်းသီးဟင်းရွက် ၆၆၉၉၂ ဧက လျာထားသည့်အနက် ၈၃၄၈၄ ဧက စိုက်ပျိုးနိုင်ပြီး ရာခိုင်နှုန်းအားဖြင့် ၁၂၄ဒသမ ၆၁ ရာခိုင်နှုန်းဖြစ်ပြီး ဆီထွက်သီးနှံ၊ ပဲမျိုးစုံ၊ ပြောင်း၊ ငရုတ်နှင့် ဟင်းသီးဟင်းရွက်အပါအဝင် ဆောင်းသီးနှံစုစုပေါင်း ၂၀၈၄၂၄၂ ဧက လျာထားသည့်အနက် ၂၀၅၀၅၇၅ဧက စိုက်ပျိုးပြီးဖြစ်ရာ ရာခိုင်နှုန်းအားဖြင့် ၉၀ ဒသမ ၃၈ ရာခိုင်နှုန်းဖြစ်ကြောင်း သိရသည်။

ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ညနေ ၃နာရီတွင် ငပုတောမြို့နယ် ချောင်းဝကျေးရွာသို့ရောက်ရှိပြီး ချောင်းဝကျေးရွာ အခြေခံပညာအထက်တန်းကျောင်း သဇင်ဆောင်၌ကျင်းပသည့် ၂၀၀၄ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်က သဘာဝရေလှိုင်းဘေးဒဏ်ခံခဲ့ရသည့် ငပုတောမြို့နယ်ရှိ ကျေးရွာကိုးရွာမှ ဒေသခံပြည်သူများအား နိုင်ငံတော်နှင့်လူမှုရေးအသင်းအဖွဲ့များ၊ အလှူရှင်များက ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့လှူဒါန်းပွဲအခမ်းအနားသို့တက်ရောက်၍ အလှူငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်းသည်။

လှူဒါန်းပွဲအခမ်းအနားတွင် ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က သဘာဝဘေးဒဏ်ခံခဲ့ရသည့် ကျေးရွာကိုးရွာမှ ဒေသခံပြည်သူများအား အားပေးအမှာစကား ပြောကြားသည်။

ယင်းနောက် သဘာဝဘေးဒဏ်ခံခဲ့ရသော ငပုတောမြို့နယ် ဒီးဒူးကုန်းကျေးရွာအုပ်စုမှ ကျောက္ကလပ်ကျေးရွာ၊ မကျည်းချိုင့်ကျေးရွာ၊ အဆင်းချိုင့်ကျေးရွာ၊ မေဒါအိုင်ကျေးရွာ၊ ဇီးတောင်ကျေးရွာ၊ အောက်ကုန်းကျေးရွာ၊ အုတ်တွင်းကျေးရွာအုပ်စုမှ ဘုန်းတော်ပြည့်ကျေးရွာ၊ သဲချောင်းကျေးရွာ၊ ဝါးကုန်းကျေးရွာအုပ်စု၊ စီလောင်ကျေးရွာတို့မှ ဒေသခံပြည်သူများအား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက အဝတ်အထည်နှင့်ပစ္စည်းများကိုလည်းကောင်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းက ဆန်အိတ် ၆၈ အိတ်ကိုလည်းကောင်း၊ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူးဗိုလ်ချုပ်စိုးနိုင်က ငွေကျပ် ၂၃၀၅၀၀၀ တန်ဖိုးရှိ အဝတ်အထည်နှင့် ပစ္စည်းများကိုလည်းကောင်းပေးအပ်လှူဒါန်းသည်။

ကယ်ဆယ်ရေးပစ္စည်းများ

ဆက်လက်၍ မြန်မာနိုင်ငံကြက်ခြေနီအသင်းက ငွေကျပ် ၂၃၀၀၀၀၀၊ ဆန်အိတ်၂၃၀နှင့် ကယ်ဆယ်ရေး ပစ္စည်းများကိုလည်းကောင်း၊ UNICEF က ကယ်ဆယ်ရေးပစ္စည်းများကိုလည်းကောင်း၊ ဧရာရွှေဝါကုမ္ပဏီက ငွေကျပ် ၁၀သိန်း၊ ရွှေပုသိမ်ကုမ္ပဏီက ငွေကျပ်သိန်း ၄၀၊ World Vision အသင်းက ဆန်၊ ဆီနှင့် အဝတ်အထည်ပစ္စည်းများကိုလည်းကောင်း ပေးအပ်လှူဒါန်းကြသည်။ သဘာဝဘေးဒဏ်ခံခဲ့ရသည့် ဧရာဝတီတိုင်း ငပုတောမြို့နယ်မှ ကျေးရွာကိုးရွာအတွက် နိုင်ငံတော်နှင့် လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင် အလှူရှင်များ၏ ယနေ့လှူဒါန်းမှုမှာ ဆန်အိတ် ၅၆၂ အိတ်၊ ဆီ ၂၂၈ ပိဿာ၊ ငွေကျပ် ၉၆၀၅၀၀၀ နှင့်အဝတ်အထည်၊ စောင်၊ ခြင်ထောင်၊ ကယ်ဆယ်ရေးပစ္စည်းများ ပါဝင်ကြောင်းသိရသည်။

အမှာစကားပြောကြား

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက အားပေးအမှာစကားပြောကြားရာတွင် မိမိတို့ ဤဒေသသို့လာရောက်ခြင်းမှာ မြေငလျင်ကြောင့် ပင်လယ်ရေ ရုတ်တရက်မြင့်တက်လာပြီး ဆူနာမီရေလှိုင်း သဘာဝဘေးဒဏ်ခံခဲ့ရသည့် ဒေသခံပြည်သူများကို အားပေးစကားပြောကြားရန်နှင့် ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့လှူဒါန်းရန်ဖြစ်ကြောင်း၊ သဘာဝဘေးဒဏ်ဖြစ်ဖြစ်ချင်းမှာပင် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားတို့နှင့် တာဝန်ရှိသူများက သဘာဝဘေးဒဏ်ခံခဲ့ရသည့် ကျေးရွာများသို့ ရဟတ်ယာဉ်ဖြင့် သွားရောက်ပြီး ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့လှူဒါန်းပေးခဲ့ပြီးဖြစ်ကြောင်း၊ ဘေးဒုက္ခအန္တရာယ် ကျရောက်နေသူများကို နိုင်ငံတော်၊ ပြည်သူနှင့် စေတနာရှင်များက မိသားစုစိတ်ဓာတ်ဖြင့် ကူညီထောက်ပံ့ပေးခြင်းမှာ မိမိတို့နိုင်ငံ၏ ဂုဏ်သိက္ခာနှင့် ဓလေ့စရိုက်ကောင်းတစ်ရပ်ဖြစ်ကြောင်း၊ ဒေသခံပြည်သူများအနေဖြင့်လည်း စိုးရွံ့အားငယ်နေစရာ မလိုဘဲ မိမိတို့၏ကျေးရွာ၊ မြို့၊ ခရိုင်၊ တိုင်းဖွံ့ဖြိုးတိုးတက်ရန်အတွက် ပိုမိုကြိုးပမ်းအားထုတ်ကြရန်လိုကြောင်း၊ ကျေးလက်၏စီးပွားရေးမှာ စိုက်ပျိုးရေးနှင့်မွေးမြူရေးသာဖြစ်၍ နိုင်ငံတော်ကသတ်မှတ်ထားသည့် အဓိကသီးနှံ ၁၀မျိုး၊ နှစ်ရှည်သီးနှံသုံးမျိုးနှင့် အမယ်သစ်သီးနှံ သုံးမျိုးတို့ကို သတ်မှတ်လျာထားချက်နှင့်ပြည့်မီကျော်လွန်အောင် စိုက်ပျိုးရန်နှင့် မွေးမြူရေးအနေဖြင့် ရေချိုရေငန်ငါး၊ ပုစွန်မွေးမြူရေးတို့အပြင် အိမ်တိုင်း၊ အိမ်တိုင်းဒေသကြက်များကို တစ်ပိုင်တစ်နိုင်မှသည် စီးပွားဖြစ်အဖြစ်မွေးမြူကြရန်လိုအပ်ကြောင်း၊ သို့မှသာတစ်ဦးချင်းဝင်ငွေတိုးတက်ပြီး ကျေးလက်စီးပွားရေးဘဝ ရှင်သန်မြင့်တက်လာမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

နှုတ်ဆက်အားပေး

လှူဒါန်းပွဲအခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် သဘာဝဘေးဒဏ်ခံခဲ့ရသည့် ကျေးရွာများမှ ဒေသခံပြည်သူများ၊လူမှုရေးအသင်းအဖွဲ့များအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး စိုးသိန်း၊ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် အဖွဲ့ဝင်များလိုက်ပါလျက် ဆက်လက်ထွက်ခွာလာကြပြီး ဟိုင်းကြီးကျွန်းမြို့တွင် ညအိပ်ရပ်နားကြသည်။

ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး စိုးသိန်း ငပုတောမြို့နယ် ချောင်းဝကျေးရွာ အခြေခံပညာအထက်တန်းကျောင်း သဇင်ဆောင်၌ ကျင်းပသည့် သဘာဝရေလှိုင်းဘေးဒဏ်ခံခဲ့ရသည့် ငပုတောမြို့နယ်ရှိ ကျေးရွာကိုးရွာမှ ဒေသခံ ပြည်သူများအား နိုင်ငံတော်နှင့် လူမှုရေးအသင်းအဖွဲ့များ၊ အလှူရှင်များက ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့လှူဒါန်းပွဲတွင် ဒေသခံပြည်သူများအတွက် ဆန်အိတ်များ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

တွေ့ဆုံ

ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့်အဖွဲ့ဝင်များသည် ဇန်နဝါရီ ၁၂ရက်နံနက် ၇နာရီခွဲတွင် ဟိုင်းကြီးကျွန်းမြို့ရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများအား တွေ့ဆုံသည်။

တွေ့ဆုံပွဲအခမ်းအနားတွင် ရှေးဦးစွာ ဟိုင်းကြီးကျွန်းမြို့ အုပ်ချုပ်ရေးမှူးဦးကျော်ထင်က မြို့၏လိုအပ်ချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ပုသိမ်ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှသွင်နှင့် တိုင်းမှူးဗိုလ်ချုပ်စိုးနိုင်တို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက အမှာစကားပြောကြားရာတွင် ဟိုင်းကြီးကျွန်းမြို့ကို မြို့အင်္ဂါရပ်နှင့်အညီဖြစ်စေရန်အတွက် တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာ အဖွဲ့အစည်းများက ဒေသခံပြည်သူများနှင့် လက်တွဲပူးပေါင်းပြီး တက်ညီလက်ညီကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း၊ ဧရာဝတီတိုင်းအနေဖြင့် လာမည့်နှစ်တွင် မိုးစပါးစိုက်ဧကတစ်သိန်းတိုး၍ ဧက ၃၆သိန်းစိုက်ပျိုးနိုင်ရန်လျာထားရာ တာဝန်ရှိသူများအနေဖြင့် ကျေးရွာအောက်ခြေအထိ ကွင်းဆင်းကြပ်မတ်ဆောင်ရွက်ရန်လိုကြောင်း။

ထို့ပြင် နှစ်ရှည်သီးနှံသုံးမျိုးအနက် ရော်ဘာကိုလည်း ဧကေါသောင်းစိုက်ပျိုးရန် လျာထား စီစဉ်လျက်ရှိကြောင်း၊ ရော်ဘာမှာ ဈေးကွက်ရှိပြီး ဈေးကောင်းရရှိ၍ ကျေးလက်နေပြည်သူများ စိုက်ပျိုးလာကြစေရန် တာဝန်ရှိသူများက စည်းရုံးပံ့ပိုးဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ အမယ်သစ်သီးနှံ သုံးမျိုးအနက် ဒေသနှင့်ကိုက်ညီသည့် ငရုတ်ကောင်းကိုလည်း နည်းလမ်းသုံးသွယ်ဖြင့် စိုက်ပျိုးကြရန် ပံ့ပိုးကူညီ ဆောင်ရွက်ပေးသွားကြရမည်ဖြစ်ကြောင်း၊ ဒေသကြက်များကို အိမ်တိုင်း၊ အိမ်တိုင်း မွေးမြူနိုင်ရန် ပညာပေး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့်လည်း လုပ်ငန်းကိစ္စရပ်များကို တိတိကျကျ၊ မှန်မှန်ကန်ကန်၊ မြန်မြန်ဆန်ဆန် ဆောင်ရွက်ကြရန် တိုက်တွန်းကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် နယ်မြေခံတပ်ရင်း စံပြစိုက်ခင်းသို့ ရောက်ရှိပြီး သိပ္ပံနည်းကျတိုင်ထောင်ကြိုးတန်းစနစ်ဖြင့် စိုက်ပျိုးထားသော ငရုတ်ကောင်းအပင် ၁၀၀၀ စိုက်ခင်း၊ ကွမ်းပင်စိုက်ခင်းနှင့်သီးနှံစုံစိုက်ခင်းကို ကြည့်ရှုစစ်ဆေးသည်။

နယ်မြေခံတပ်နယ်တွင် ငရုတ်ကောင်းအပင် နှစ်သောင်းကျော်၊ ကွမ်းသီးပင်သုံးသောင်းကျော်၊ သစ်ဆိမ့်ပင်တစ်သောင်းကျော်၊ သရက်၊ သီဟိုဠ်၊ အုန်းပင်နှင့် ဟင်းသီးဟင်းရွက်များ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး ကြက်၊ ဘဲ၊ ဆိတ်၊ ကျွဲနှင့် ပုစွန်မွေးမြူရေးလုပ်ငန်းများလည်း ဆောင်ရွက်ထားကြောင်း သိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ငပုတောမြို့နယ် ကျုံကူးကျေးရွာသို့ ရောက်ရှိကြပြီး အခြေခံပညာအထက်တန်းကျောင်းခွဲကျောင်းဆောင်သစ်နှင့် စာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

ယင်းနောက် ငပုတောမြို့နယ်သို့ ရောက်ရှိပြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့်တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ငပုတောမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေးကျော်က မြို့နယ်၏ အခြေအနေများနှင့်လိုအပ်ချက်များကို တင်ပြပြီး တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက မှာကြားရာတွင် နိုင်ငံတော်ကသတ်မှတ်ပေးသည့် အဓိကသီးနှံ ၁၀မျိုး၊ နှစ်ရှည်သီးနှံ သုံးမျိုး၊ အမယ်သစ်သီးနှံ သုံးမျိုးအနက် ဒေသနှင့်ကိုက်ညီသည့်သီးနှံများကို တိုးချဲ့စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍအနေဖြင့် ငါး၊ပုစွန်များ တိုးချဲ့မွေးမြူရေး၊ ကမ်းနီးကမ်းဝေးငါးဖမ်းလုပ်ငန်းများအပြင် ဒေသကြက်များကို တစ်ပိုင်တစ်နိုင် ထိရောက်စွာမွေးမြူရေး၊ နေလှန်းဆားလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရေး၊ ဌာနဆိုင်ရာဝန်ထမ်းများအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာန လုပ်ငန်းများအပြင် မိမိပါဝင်သောမြို့နယ်တွင် ဖွဲ့စည်းထားသည့်ကော်မတီအလိုက် လုပ်ငန်းများကိုလည်း မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ကြရေး၊ မြို့ကို မြို့အင်္ဂါရပ်နှင့်ညီညွတ်စေရေး၊ သန့်ရှင်းသောသောက်သုံးရေရရှိရေးအတွက် စနစ်တကျဆောင်ရွက်ရေးနှင့် မိမိမြို့နယ်တိုးတက်ရေးအတွက် စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်ဖြင့် ကြိုးပမ်းဆောင်ရွက်ရေး မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ငပုတောမြို့နယ် ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြရာ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာချစ်ဖေနှင့် ကျန်းမာရေးဝန်ထမ်းများက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ပြည်သူ့ဆေးရုံရှိ ခွဲစိတ်ဆောင်နှင့် လူနာဆောင်တို့ကို ကြည့်ရှုစစ်ဆေးပြီး ဆေးရုံတက်ရောက်ကုသမှုခံယူနေသည့်လူနာများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးစကားပြောကြားကာ ထောက်ပံ့ငွေများ ပေးအပ်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့်အဖွဲ့ဝင်များသည် အမြန်ရေယာဉ်ဖြင့် ဆက်လက်ထွက်ခွာလာကြရာ ပုသိမ်မြို့သို့ရောက်ရှိကြပြီး ပုသိမ်မြို့မှတစ်ဆင့် ညပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။ (သတင်းစဉ်)

❍ နိုင်ငံတော်မှ

လုပ်ငန်းများသတ်မှတ်ကာလအတွင်း ပြီးစီးအောင်ဆောင်ရွက်ရန်မှာကြားသည်။

ဆက်လက်၍ ညောင်မြင့်ချောင်းသို့ရောက်ရှိပြီး လမ်းဖောက်လုပ်မှုအခြေအနေနှင့် ချောင်းကူးတံတားတည်ဆောက်မည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ယာဉ်များသွားလာနိုင်ရေးအတွက် ညောင်မြင့်ချောင်းကို ဖြတ်သန်းပြီး ယာယီတံတားတည်ဆောက်ရန်မှာကြားသည်။

မိတ္ထီလာ မြို့ရှောင်လမ်း ကန်တောင်–ပျဉ်သာလမ်းပိုင်းအရှည် ၄မိုင် ၅ ဖာလုံကို ယုဇနဟိုက်ဝေးကုမ္ပဏီလီမိတက်က တာဝန်ယူဖောက်လုပ်လျက်ရှိပြီး လမ်းအုကြောင်းရှာဖွေဖော်ထုတ် ရှင်းလင်းပြီးစီးပြီး ဖြစ်သည်။ ပထမဆင့်အနေဖြင့် ပေ ၅၀အကျယ် လမ်းတာဖို့ခြင်း လုပ်ငန်းကို စက်ယန္တရားများဖြင့် ဆောင်ရွက်လျက်ရှိရာ ယခုအခါ ၂မိုင် ၅ဖာလုံပြီးစီးနေပြီဖြစ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ရန်ကုန်မန္တလေးလမ်း မိတ္ထီလာမြို့ အထွက် တိုးဂိတ် (Toll Gate)သို့ ရောက်ရှိကြရာ စီမံကိန်းတာဝန်ခံ ဦးမိုးသူက ရန်ကုန်–မန္တလေး ခြောက်လမ်းသွားလမ်း မိတ္ထီလာ–မန္တလေးလမ်းပိုင်း ဖောက်လုပ်ပြီးစီးမှု အခြေအနေ၊ မိတ္ထီလာမြို့ရှောင်လမ်းဖောက်လုပ်မည့် အစီအစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်က ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်ကအသားတူ မြို့ရှောင်၍ သွားနိုင်ရန်အတွက် ရွာချင်းဆက်လမ်းများအား လမ်းကြောင်းရှာဖွေ၍ ကားကြီးများသွားလာနိုင်သည့် လမ်းအကျယ်အထိ ဖောက်လုပ်ရန်၊ မိတ္ထီလာမြို့ရှောင်လမ်း သပြေပ–ပျဉ်သာလမ်းပိုင်းကို အမြန်ပြီးစီးအောင်ဖောက်လုပ်ရန် မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကုန်းရွာအနီးရှိ မိတ္ထီလာလွင်ပြင် ရေရရှိရေး ဆောင်ရွက်နေသည့် အမှတ်(၁) ရေတင်စခန်းဆောက်လုပ်မည့် နေရာသို့ ရောက်ရှိကြရာ ရေအရင်းအမြစ် အသုံးချရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးမြင့်က မိတ္ထီလာလွင်ပြင် ရေရရှိရေး လျှပ်စစ်ရေတင်စီမံကိန်းမှ အကောင်အထည်ဖော်ဆောင်ရွက်မည့်အစီအစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ရေးမှူးချုပ် ဦးလှမြင့်မောင်က ဖြည့်စွက်ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို မှာကြားသည်

အဆိုပါ မိတ္ထီလာလွင်ပြင် ရေရရှိရေး လျှပ်စစ်ရေတင်စီမံကိန်းမှာ မန္တလေးတိုင်း မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကုန်းရွာအနီး၌ တည်ရှိပြီး မြို့ကြီးရေလှောင်တမံ တည်ဆောက်ပြီးပါက ရရှိသောရေကို ကင်တားဆည်သို့ပေးသွင်း၍ သိန်းစိုက်ဧကသုံးသောင်းသို့ စိုက်ပျိုးရေပေးရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် ရန်ကုန်မန္တလေးလမ်း၊ မိတ္ထီလာ–မန္တလေးလမ်းပိုင်းအတွင်း မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးပြီး မိုင်တိုင်အမှတ်(၃၉၂/၅) ဒါန်းချောင်းတံတားတည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မိတ္ထီလာ–မန္တလေးလမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ထွက်ခွာလာကြပြီး ဟန်မြင့်မိုရ်–မြို့ကြီး–ရွှေ လမ်းအတိုင်း ဆက်လက်ထွက်ခွာလာကြရာ ရမ်းပြည်နယ်(တောင်ပိုင်း) ရွှေညောင်မြို့နယ် မြို့ကြီးကျေးရွာအနီး ရှိ မြို့ကြီးရေလှောင်တမံ တည်ဆောက်ရေး စီမံကိန်းသို့ ရောက်ရှိကြသည်။

ယင်းနောက် စီမံကိန်းရှင်လင်းဆောင်၌ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စန်းဝင်း၊ တည်ဆောက်ရေး(၇)မှ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးထွန်းနှင့် ညွှန်ကြားရေးမှူး (ဒီဇိုင်းပုံထုတ်) ဦးအုန်းခိုင်တို့က မြို့ကြီး ရေလှောင်တမံတည်ဆောက်ရေးအတွက် ဘူမိဗေဒမ်းသပ်ပြီးစီးမှု၊ စက်သုံးဆီနှင့် စက်ယန္တရားများလိုအပ်မှုနှင့် လုပ်ငန်းဆောင်ရွက်မည့်အစီအစဉ်များကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီး ဗိုလ်ချုပ်ထွေးဦးက ဖြည့်စွက်ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

အဆိုပါ မြို့ကြီးရေလှောင်တမံစီမံကိန်းမှ ရှမ်းပြည်နယ် (တောင်ပိုင်း) ရွှေညောင်မြို့နယ် မြို့ကြီးကျေးရွာအနီး ဓော်ဂျီမြစ်ပေါ်၌ မိတ္ထီလာလွင်ပြင်သို့ ရေပို့လွှတ်ပေးဝေရန် ရည်ရွယ်တည်ဆောက်မည်ဖြစ်သည်။

ရေလှောင်တမံကို ဓော်ဂျီမြစ်အားဖြတ်၍ ကျိုးကန်းတောင်နှင့် ရွှေမြင်သာတောင်ကြား ချိုင့်ဝှမ်းနေရာကို မြေသားတမံဖြင့်ပိတ်၍ တည်ဆောက်မည်ဖြစ်သည်။ တမံအလျားပေ ၂၄၄၀၊ တမံအမြင့် ၂၈၂ ပေ ရှိမည်ဖြစ်ပြီး ကန်ရေပြည့် ရေလှောင်ပမာဏမှာ ဧကပေ ၄၈၀၅၈၀ ရှိမည်ဖြစ်သည်။

ရေလှောင်တမံ တည်ဆောက်ပြီးစီးပါက ကင်းတားရေလှောင်ဆည်သို့ ရေပို့လွှတ်ပြီး ထိုမှတစ်ဆင့် မိတ္ထီလာလွင်ပြင်စိုက်ပျိုးရေရရှိရေးနှင့် စိမ်းလန်းစိုပြည်ရေးကို အထောက်အကူပြုနိုင်မည်ဖြစ်သည်။

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ်ရှိ သစ်တက်ကုန်းရေလှောင်ဆည်သို့ ရောက်ရှိကြပြီး ရေလှောင်ဆည်တူးမြောင်း၊ ရေထိန်းတံခါးများ ကြခိုင်မှု အခြေအနေနှင့် ရေလှောင်ဆည်အတွင်း ရေစီးဝင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

ထိုမှတစ်ဆင့် တံတားဦးမြို့နယ်ရှိ ကင်းတား လက်ဝဲမြောင်းမကြီး မြောင်းခွဲအမှတ်(၁၀)သို့ ရောက်ရှိပြီး ကင်းတားဆည် ရေပေးလက်တံမြောင်းများကို သစ်တက်ကုန်းဆည်ရေဖြင့် အစားထိုးဖြန့်ဝေနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ပလ္လင်တောင် လျှပ်စစ်မြစ်ရေတင်စခန်းသို့ ရောက်ရှိကြပြီး ပလ္လင်တောင်လျှပ်စစ်မြစ်ရေတင် ရေသောက်စီးဂိတ်များကို သစ်တက်ကုန်းဆည်ရေဖြင့် အစားထိုးပိုလွှတ်ပေးမှုနှင့် ရေစီးအားအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်နေဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဌာနဆိုင်ရာများမှ တာဝန်ရှိသူများလိုက်ပါလျက် ရန်ကုန်–မန္တလေး ကားလမ်းစဉ်ကိုင်ရှိ နယ်နှင့် အမရပူရမြို့နယ်ကြား ဆောက်လုပ်ရေးဝန်ကြီးဌာနတံတားတည်ဆောက်ရေး အထူးအဖွဲ့(၁၂)က တာဝန်ယူ တည်ဆောက်လျက်ရှိသည့် မြစ်ငယ်တံတားတည်ဆောက်ရေးစီမံကိန်းသို့ ယနေ့ နံနက် ၇ နာရီ ၁၅ မိနစ်တွင် ရောက်ရှိကြရာ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်သိမ်းနှင့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် တံတားပြီးစီးမှုနှင့် ပင်မတံတားတိုင်အမှတ် P4 နှင့် P5၊ P6 နှင့် P7 တို့သို့ ကြိုတင်အားဖြည့် ကွန်ကရစ်ရက်မများလောင်းပြီးမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ မြစ်ငယ်တံတားမှာ ယခုအခါ ၇၄ ရာခိုင်နှုန်းတည်ဆောက်ပြီးစီးနေပြီဖြစ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိပြီးထိုမှတစ်ဆင့် လေကြောင်းခရီးဖြင့် ဆက်လက် ထွက်ခွာလာရာ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

✻ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီမှ

အကဲဖြတ်တွင်းအမှတ် ရွှေ(၂)တိုက်ကို တူးဖော်စမ်းသပ်ခြင်းအခြေအနေ၊ ယခုစတင်တူးဖော်မည့် တွင်းအမှတ် ရွှေ(၃)နှင့် ဆက်လက်၍ အကဲဖြတ်တွင်းများ တူးဖော်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြရာ ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီနှင့် နှစ်နိုင်ငံဝန်ကြီးများ၊ ကိုယ်စားလှယ်အဖွဲ့ဝင်များမှ ဆွေးနွေးမေးမြန်းကြသည်။

ထို့နောက် ဝန်ကြီးများနှင့်အဖွဲ့သည် တွင်းတူးသင်္ဘော Frontier Duchess ပေါ်၌ လုပ်ငန်းဆောင်ရွက်နေသည်များကို လှည့်လည်ကြည့်ရှုကြပြီး ပြန်လည်ထွက်ခွာလာရာ ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

အဆိုပါ အကဲဖြတ်တွင်းအမှတ် ရွှေ(၃)ကို တွင်းတူးသင်္ဘော Frontier Duchess ဖြင့် အနက် ၁၀၈၂၀ ပေထိ တူးဖော်မည်ဖြစ်ပြီး တူးဖော်ခြင်းနှင့် စမ်းသပ်ခြင်းလုပ်ငန်းများကို ရက်ပေါင်း ၅၃ရက်အတွင်း ပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်သည်။

အလားအလာကောင်းမွန်

ရခိုင်ကမ်းလွန် လုပ်ကွက်အမှတ် A-1 ၌ ၂၀၀၄ ခုနှစ် ဇန်နဝါရီလဆန်းပိုင်းက အစမ်းတွင်းအမှတ် ရွှေ(၁)ကို တူးဖော်ခဲ့ရာ တစ်ရက်လျှင် သဘာဝဓာတ်ငွေ့ကုဗပေ ၃၂ သန်းနှင့်အထိ ထွက်ရှိခဲ့ပြီး အဆိုပါ စမ်းသပ်တွေ့ရှိမှုမှာ မြန်မာ့ ဆိုက်စမစ်တိုင်းတာမှုများအရ ရွှေဘူမိအနေအထားတွင် သဘာဝဓာတ်ငွေ့ ကုဗပေ ၄ ထရီလီယံမှ ၆ ထရီလီယံအထိ ထွက်ရှိမည်ဟု ခန့်မှန်းသည်။ အလားတူလုပ်ကွက် A-1 အတွင်း နောက်ထပ်အလားအလာများဖြစ်သော ရွှေဖြူနှင့် ငွေဘူမိအနေအထားတို့တွင် ယခုနှစ် ပွင့်လင်းရာသီအတွင်း ရှာဖွေရေးတွင်းနှင့် အကဲဖြတ်တွင်းများ စုစုပေါင်း ရှစ်တွင်းခန့် ဆက်လက်တူးဖော်စမ်းသပ်သွားမည်ဖြစ်ရာ စီးပွားဖြစ်ထွက်ရှိမည့် သဘာဝဓာတ်ငွေ့ အလားအလာများ ပိုမိုကောင်းမွန်ကြောင်း သိရသည်။ (သတင်းစဉ်)

ပထမအကြိမ် အရှေ့တောင်အာရှ တံခွန်စိုက် မြားပစ်ပြိုင်ပွဲ နောက်ဆုံးနေ့ပြိုင်ပွဲများနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ မြန်မာအသင်း ရွှေ(၉)၊ငွေ(၅)၊ကြေး(၁၀)ခုဖြင့် ပထမရရှိ

ရန်ကုန် ဇန်နဝါရီ ၁၃

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ်လက်ခံကျင်းပသည့် ပထမအကြိမ် အရှေ့တောင်အာရှတံခွန်စိုက်မြားပစ်ပြိုင်ပွဲ နောက်ဆုံးနေ့အသင်းလိုက်ပြိုင်ပွဲများနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ကျိုက္ကဆံကွင်းရှိ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် မြားပစ်ကွင်း၌ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဦးဆောင်နာယကအဖွဲ့ဝင်များ၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ အာရှမြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ၊ အရှေ့တောင်အာရှမြားပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ Mr. San Gun Kosavinta နှင့် တာဝန်ရှိသူများ၊ အာရှမြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေနှင့် အမှုဆောင်များ၊ ဂျူရီအဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားများ၊ ဖိတ်ကြားထားသူများနှင့် မြားပစ်အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ရှေးဦးစွာ နံနက် ၉ နာရီတွင် အမျိုးသမီး Recurve Team Event အသင်းလိုက် ရှုံးထွက်ပြိုင်ပွဲ၊ အမျိုးသား Compound Team Event အသင်းလိုက်ရှုံးထွက်ပြိုင်ပွဲ၊ အမျိုးသမီး Compound Team Event အသင်းလိုက် ရှုံးထွက်ပြိုင်ပွဲနှင့် အမျိုးသား Recurve Team Event အသင်းလိုက်ရှုံးထွက်ပြိုင်ပွဲများကို ကျင်းပသည်။

ထို့နောက် ဆုရရှိသူများအား ဆုချီးမြှင့်ပွဲကို ကျင်းပရာ အမျိုးသမီး Compound Team မီတာ ၇၀ အမှတ်ပေးပြိုင်ပွဲ၌ ပထမဆုရ မြန်မာအသင်းနှင့် ဒုတိယဆုရ ဗီယက်နမ်အသင်း၊ အမျိုးသမီး Compound Team Event အသင်းလိုက်ရှုံးထွက်ပြိုင်ပွဲ၌ ပထမဆုရ မြန်မာအသင်းနှင့် ဒုတိယဆုရ ဗီယက်နမ်အသင်း၊ အမျိုးသား Compound Team မီတာ၇၀အမှတ်ပေးပြိုင်ပွဲ၌ ပထမဆုရ မြန်မာ(က)အသင်း၊ ဒုတိယဆုရ ထိုင်းအသင်းနှင့်၊ တတိယဆုရ မြန်မာ(ခ) အသင်း၊ အမျိုးသား Compound Team Event အသင်းလိုက်ရှုံးထွက်ပြိုင်ပွဲ၌ ပထမဆုရ မြန်မာ(က)အသင်း၊ ဒုတိယဆုရ ထိုင်းအသင်းနှင့် တတိယဆုရ မြန်မာ(ခ) အသင်း၊ အမျိုးသမီး Recurve Team မီတာ ၇၀ အမှတ်ပေးပြိုင်ပွဲ၌ ပထမဆုရ မလေးရှားအသင်း၊ ဒုတိယဆုရ အင်ဒိုနီးရှားအသင်းနှင့် တတိယဆုရ မြန်မာအသင်း၊ အမျိုးသမီး Recurve Team Event အသင်းလိုက် ရှုံးထွက်ပြိုင်ပွဲ၌ ပထမဆုရ မလေးရှားအသင်း၊ဒုတိယဆုရ အင်ဒိုနီးရှားအသင်းနှင့် တတိယဆုရမြန်မာအသင်းတို့အား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်နှင့် တာဝန်ရှိသူများက ဆုတံဆိပ်များနှင့် ရွှေစောင်းဆုများကို ချီးမြှင့်ကြသည်။

ယင်းနောက် အမျိုးသား အသင်းလိုက်ပြိုင်ပွဲများကို ဆက်လက်ကျင်းပပြီး အမျိုးသား Recurve Team အသင်းလိုက် မီတာ ၇၀ ပြိုင်ပွဲ၌ ပထမဆုရ မလေးရှားအသင်း၊ ဒုတိယဆုရ အင်ဒိုနီးရှားအသင်းနှင့် တတိယဆုရ မြန်မာအသင်း၊ အမျိုးသား Recurve Team Event အသင်းလိုက် ရှုံးထွက်ပြိုင်ပွဲ၌ ပထမဆုရ မလေးရှားအသင်း၊ ဒုတိယဆုရ အင်ဒိုနီးရှားအသင်းနှင့် တတိယဆုရ မြန်မာအသင်းတို့အား အရှေ့တောင်အာရှမြားပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ Mr. San Gun Kosavinta၊ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေနှင့် တာဝန်ရှိသူများက ဆုတံဆိပ်များနှင့် ရွှေစောင်းဆုများကို ချီးမြှင့်ကြကာ ဆုချီးမြှင့်ပွဲ အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းလိုက်သည်။

ယနေ့ ကျင်းပသည့် ပြိုင်ပွဲများတွင် မြန်မာအသင်းသည် ရွှေတံဆိပ်ခုနစ်ခုနှင့် ကြေးတံဆိပ်သုံးခု ရရှိသည်။

ပထမအကြိမ် အရှေ့တောင်အာရှတံခွန်စိုက် မြားပစ်ပြိုင်ပွဲ၌ပြိုင်ပွဲများအားလုံး ပြီးဆုံးချိန်တွင် မြန်မာအသင်းသည် စုစုပေါင်း ရွှေတံဆိပ်ကိုးခု၊ ငွေတံဆိပ်ငါးခုနှင့် ကြေးတံဆိပ် ၁၀ခုရရှိပြီး နိုင်ငံအလိုက် ပထမရရှိသည်။ မလေးရှားက ရွှေတံဆိပ်ခုနစ်ခု၊ ငွေတံဆိပ်တစ်ခု၊ ကြေးတံဆိပ်လေးခုဖြင့် ဒုတိယ၊ အင်ဒိုနီးရှားက ငွေတံဆိပ်ခြောက်ခုဖြင့် တတိယ ရရှိသွားသည်။

(သတင်းစဉ်)

ပထမအကြိမ် အရှေ့တောင်အာရှ တံခွန်စိုက် မြားပစ်ပြိုင်ပွဲနှင့်စပ်လျဉ်း၍ သတင်းစာရှင်းလင်း

ရန်ကုန် ဇန်နဝါရီ ၁၃

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံ ကျင်းပသည့် ပထမအကြိမ် အရှေ့တောင် အာရှတံခွန်စိုက်မြားပစ် ပြိုင်ပွဲနှင့် စပ်လျဉ်း၍ သတင်းစာ ရှင်းလင်းပွဲတစ်ရပ်ကို ယနေ့မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ ကျိုက္ကဆံကွင်းရှိ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် ရုံးခန်း၌ ကျင်းပရာ အာရှမြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ၊ အရှေ့တောင်အာရှမြားပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ Mr. San Gun Kosavinta နှင့် တာဝန်ရှိသူများ၊ အာရှမြားပစ် အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ၊ ဒိုင်လူကြီးကော်မတီဥက္ကဋ္ဌ Mr. Frankie Hoong နှင့်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းမှ အသင်းဝင် သတင်းထောက်များ၊ စာနယ်ဇင်းများမှ ပုဂ္ဂိုလ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အာရှမြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ မြားပစ် အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက ပထမအကြိမ် အရှေ့တောင်အာရှ တံခွန်စိုက်မြားပစ်ပြိုင်ပွဲကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် အောင်မြင်စွာလက်ခံ ကျင်းပနိုင်ခဲ့မှု၊ ဆုချီးမြှင့်ပွဲ အခြေအနေနှင့် အကောင်းဆုံး အားကစားသမား ရွေးချယ်မှု အခြေအနေများ၊ မြန်မာမြားပစ်အားကစားသမား အောင်မြင်မှုရရှိရေးနှင့် ကမ္ဘာ့အိုလံပစ်အားကစားပြိုင်ပွဲများတွင် မြားပစ်အားကစားမှ ဆုတံဆိပ်ရရှိရေး ရည်ရွယ် ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများ၏ မေးမြန်းချက်များကို အရှေ့တောင်အာရှမြားပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ နှင့် တာဝန်ရှိသူများက ရှင်းလင်း ဖြေကြားကြပြီး သတင်းစာရှင်းလင်းပွဲကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ဘွဲ့တံဆိပ်တော်ရ ဆရာတော်နှစ်ပါး ဂုဏ်ပြုပူဇော်မည်

ရန်ကုန် ဇန်နဝါရီ ၁၃

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ဆက်ကပ်သည့် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ်၊ သိမ်ဖြူလမ်း၊ မင်္ဂလာရာမ ပါဠိတက္ကသိုလ် ကျောင်းတိုက် ပဓာနနာယက နိုင်ငံတော် ဗဟိုသံဃာဝန်ဆောင်ဆရာတော် ဘဒ္ဒန္တသူသာရနှင့် အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ဗဟန်းမြို့နယ်၊ တေဇိန္ဒာရာမကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တဥတ္တရမဟာထေရ် နှစ်ပါးတို့အား ဂုဏ်ပြုပူဇော်ပွဲ သဘင်ကို ဒါယကာ၊ ဒါယိကာမမများက ၁၃၆၆ခုနှစ် တပို့တွဲလဆန်း ၂ ရက် (ဖေဖော်ဝါရီ၁၀ရက်)တွင်ကျောက်တံတားမြို့ ဝိသုဒ္ဓါရုံကျောင်းတိုက်၌ ဂုဏ်ပြုပူဇော်ကျင်းပမည်ဖြစ်သည်။(က–ပ)

❖ပြည်ထောင်စုမှ

ယခုနှစ်သည် ကုလသမဂ္ဂ၏ ဘဝခရီးတွင် အရေးကြီးသော နှစ်တစ်နှစ်ဖြစ်ကြောင်း၊ ယခုနှစ်သည် ကုလသမဂ္ဂထူထောင်မှု အနှစ်(၆၀)ပြည့် မြောက်သည့် နှစ်တစ်နှစ်ဖြစ်သကဲ့သို့ ၂၀၀၀ ပြည့်နှစ်တွင် ကမ္ဘာ့နိုင်ငံများ အားလုံးက ချမှတ်ခဲ့သော ထောင်စုနှစ် ကြေညာချက်ပါ ရည်မှန်းချက်များအားလုံးခဲ့သည်ငါးနှစ်တာကာလအတွင်း အကောင်အထည်ဖော်နိုင်မှုကို ပြန်လည်သုံးသပ်မည့် နှစ်တစ်နှစ်ဖြစ်ကြောင်း၊ ကုလသမဂ္ဂအဖွဲ့ကြီးကို ပြန်လည် ဖွဲ့စည်းရေးအတွက် သော့ချက်ကျသည့် အစီအမံများနှင့်အညီ အဖွဲ့ဝင်နိုင်ငံတိုင်းက ထောင်စုနှစ် ရည်မှန်းချက်များကို အကောင်အထည်ဖော်ကြမည်ဟု မိမိမျှော်လင့်ကြောင်း။

အကြမ်းဖက်မှုနှင့် အစုအပြုံလိုက်ဖျက်ဆီးနိုင်သော လက်နက်များထုတ်လုပ်မှုတို့ကဲ့သို့သော လွန်ခဲ့သည့်နှစ်အနည်းငယ်မှစ၍ ကမ္ဘာကြီးအား ခြိမ်းခြောက်လာသော ပြဿနာများကိုယခုနှစ်တွင်ဖြေရှင်းရန် အခွင့်အလမ်းသာမည်ဟု မိမိမျှော်လင့်ကြောင်း ဖော်ပြထားသည်။

လစ်များ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ လစ်များနိုင်ငံ အကြီးအကဲ ဗိုလ်မှူးကြီး မွမ်မာအယ်လ် ကဒါဖီထံမှ ပေးပို့သော သဝဏ်လွှာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယ၌ မိမိအနေဖြင့်လည်းကောင်း၊ လစ်များပြည်သူများ ကိုယ်စားလည်းကောင်း ဝမ်းမြောက်စွာ နှုတ်ခွန်းဆက်သအပ်ပါကြောင်း၊ အဆွေတော် ကိုယ်တိုင်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစေရန်နှင့် မြန်မာပြည်သူများ တိုးတက် အောင်မြင်စေရန် ဆုမွန်ကောင်း တောင်းအပ်ပါကြောင်း ဖော်ပြထားသည်။ (ကြေးမုံ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၄–၁–၂၀၀၅ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	**ကျေးဇူးရှင် မင်းကွန်း ဆရာတော်ကြီး နိုင်ငံတော်သံဃမဟာ နာယက အဖွဲ့အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ တိပိဋကဓရဓမ္မဘဏ္ဍာဂါရိကဆရာတော်ဘဒ္ဒန္တ ဝိစိတ္တ သာရာဘိဝံသ၏ ပရိတ်တရားတော်**
၇:၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေးမင်္ဂလာတေး
၇:၅၀	၅။	လှုပ်ရှားပုံပြင်စိတ်ပျော်ရွှင်
၈:၀၀	၆။	အတီးပြိုင်ပွဲ
၈:၁၀	၇။	ကြေးမုံရိပ်သွင်တေးနုယဉ်
၈:၂၀	၈။	တံငါတံတား
၈:၃၀	၉။	International News.
၈:၄၅	၁၀။	English for Everyday Use.
၉:၀၀	၁၁။	အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀	၁။	စစ်ချီတေး၊စစ်သည်တေး
၄:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၄:၃၀	၃။	Demonstration Exercises For Correct Pronunciation.
၄:၄၅	၄။	တေးဂီတအစီအစဉ်
၅:၀၀	၅။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ –ဒုတိယနှစ်(ရူပဗေဒဘာသာ) (ရူပဗေဒ)
၅:၁၅	၆။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၅:၃၀	၇။	အကပြိုင်ပွဲ
၅:၃၅	၈။	နည်းစနစ်မှန်မှန် အားကစားအခြေခံ
၅:၄၅	၉။	ဂီတမဟာပျော်စရာ
၆:၀၀	၁၀။	မြန်မာစာမြန်မာစကား
၆:၁၀	၁၁။	Discovery.
၆:၂၀	၁၂။	တေးဂီတအစီအစဉ်
၆:၃၀	၁၃။	ညနေခင်းသတင်း
၇:၀၀	၁၄။	မိုးလေဝသအခြေအနေ
၇:၀၅	၁၅။	**နိုင်ငံခြားဇာတ်လမ်းတွဲ "လူချွန်လူကောင်း"(အပိုင်း–၄၆)**
၇:၃၀	၁၆။	နှောင်းခေတ်တေးပဒေသာ
၇:၄၅	၁၇။	အထွက်နှုန်းကောင်း မြစိမ်းရောင်စပါး
၈:၀၀	၁၈။	ပြည်တွင်းသတင်း
	၁၉။	နိုင်ငံတကာသတင်းများ
	၂၀။	မိုးလေဝသအခြေအနေ
	၂၁။	**မြန်မာဗီဒီယိုဇာတ်လမ်း "ကောင်းကင်ကိုခေါင်းတင်လို့ မေးလိုက်ချင်"(အပိုင်း–၂) (နိုင်းနိုင်း၊ နန္ဒာလှိုင်) [ဒါရိုက်တာ–မောင်မောင်ဦး–စနီးပွိုက်]**
	၂၂။	နောက်တစ်နေ့အစီအစဉ်
	၂၃။	အစီအစဉ်ပြီး၏။

ပထမအကြိမ် အရှေ့တောင်အာရှ တံခွန်စိုက်မြားပစ်ပြိုင်ပွဲ မြန်မာမြားပစ်အသင်း ပထမတံခွန်စိုက်ဆု ဆွတ်ခူး

သတင်းဆောင်းပါး – ညီညီစိုးညွန့်၊
ဓာတ်ပုံ – စိုးညွန့်(ကြေးမုံ)

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် ပထမအကြိမ် အရှေ့တောင်အာရှ တံခွန်စိုက်မြားပစ်ပြိုင်ပွဲကို ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် ကျိုက္ကဆံမြားပစ်ကွင်းတွင် ဇန်နဝါရီ ၁၀ရက်မှ ၁၃ရက်နေ့အထိ ကျင်းပခဲ့ရာ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် လက်ရွေးစင် မြားပစ်အသင်းက ရွှေတံဆိပ်ကိုးခု၊ ငွေတံဆိပ်ငါးခု၊ ကြေးတံဆိပ် ၁၀ခုဖြင့် ဆုတံဆိပ်ပေါင်း ၂၄ ခုရရှိကာ ပထမတံခွန်စိုက်ဆုကို ထိုက်ထိုက်

ပထမအကြိမ် အရှေ့တောင် အာရှတံခွန်စိုက် မြားပစ် ပြိုင်ပွဲတွင် အမျိုးသမီး Compound မီတာ၇၀ အမှတ်ပေး ပြိုင်ပွဲတွင် ပထမဆု ရရှိသော ယုနန္ဒာထိုက် (မြန်မာ) အား မြန်မာနိုင်ငံ အမျိုးသမီး အားကစား အဖွဲ့ချုပ် ဦးဆောင်နာယက အဖွဲ့ဝင် ဒေါ်အေးအေး ဆုချီးမြှင့်စဉ်။ (စိုးညွန့်–ကြေးမုံ)

တန်တန် ဆွတ်ခူးရရှိသွားပြီဖြစ်သည်။

ပထမအကြိမ် အရှေ့တောင်အာရှ တံခွန်စိုက်မြားပစ်ပြိုင်ပွဲကို အရှေ့တောင်အာရှ ခြောက်နိုင်ငံများဖြစ်သည့် မြန်မာ၊ မလေးရှား၊ အင်ဒိုနီးရှား၊ ထိုင်း၊ လာအို၊ ဗီယက်နမ်နိုင်ငံတို့မှ ပြိုင်ပွဲဝင် အားကစားသမားများ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ပြိုင်ပွဲများတွင် အိမ်ရှင် မြန်မာမြားပစ်အသင်းနှင့် အကြိတ်အနယ် ဖိုလ်လုကြသော နိုင်ငံများမှာ မလေးရှား၊ အင်ဒိုနီးရှားနိုင်ငံတို့မှ မြားပစ်အားကစားသမားများ ဖြစ်ကြသည်။ အင်ဒိုနီးရှားနှင့် မလေးရှားနိုင်ငံမြားပစ်အဖွဲ့ချုပ်တို့သည် မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်ထက် နှစ်ပေါင်းကြာမြင့်စွာ စောပြီးဖွဲ့စည်း ထူထောင်ခဲ့သော အဖွဲ့ချုပ်များဖြစ်သည်။

မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်သည် စတင်တည်ထောင်သည့် သက်တမ်းနုသေးသော်လည်း ကြိုးစားအားထုတ်မှု ပြင်းထန်သည်။ မြားပစ်အားကစားနည်းဖြင့် နိုင်ငံတော်၏ ဂုဏ်သိက္ခာကို မြှင့်တင်နိုင်ရမည်ဟူသော ဆောင်ပုဒ်ကိုကိုင်စွဲလျက် ပြည်ပ ပြိုင်ပွဲပေါင်းများစွာကို ဖွဲ့လုံ့လ၊ ဝီရိယဖြင့် ကြိုးပမ်းခဲ့ခြင်းကြောင့် အချိန်တိုတိုအတွင်း အောင်မြင်မှုများ ရရှိခဲ့ခြင်းဖြစ်သည်။ ပြီးခဲ့သည့် ဗီယက်နမ်နိုင်ငံတွင် ကျင်းပသည့် ကမ္ဘာ့အဆင့်သတ်မှတ်သော အာရှပတ်လည် မြားပစ်ပြိုင်ပွဲများက ယင်းအချက်ကို သက်သေခံလျက်ရှိပေသည်။

ပထမအကြိမ် အရှေ့တောင်အာရှ တံခွန်စိုက် မြားပစ်ပြိုင်ပွဲတွင် မြန်မာမြားပစ်အသင်းမှ ရွှေတံဆိပ်လေးခု ရယူပေးခဲ့သော အသက် (၁၇) နှစ်ရှိ မျိုးဆက်သစ်အားကစားသမား ယုနန္ဒာထိုက်ကို တွေ့ဆုံမေးမြန်းခဲ့ရာ "သမီးက မော်လမြိုင်မြို့ကပါ ၂၀၀၃ ခုနှစ်က မော်လမြိုင်မြို့မှာ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်နဲ့ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေတို့က လာရောက်ရွေးချယ် ခေါ်ယူခဲ့လို့ ရန်ကုန်ကို ရောက်လာတာပါ။

မြားပစ်လည်းကျင့်၊ ပညာလည်းသင်လို့ရအောင် အားကစားသိပ္ပံမှာ ထားပေးခဲ့လို့ သမီး ၁၀ တန်းရောက်နေပါပြီ။ ၂၀၀၄ခုနှစ်မှာ မြားပစ် လက်ရွေးစင်အဖြစ် အရွေးခံရပြီး ဗီယက်နမ်တွင် ကျင်းပခဲ့တဲ့ အာရှပတ်လည်မြားပစ်ပြိုင်ပွဲမှာ ငွေတံဆိပ်နှစ်ခု ရရှိခဲ့ပါတယ်၊ အသင်းလိုက် ပြိုင်ပွဲတွေမှာပါ၊ အခု အရှေ့တောင်အာရှ တံခွန်စိုက် မြားပစ်ပြိုင်ပွဲမှာတော့ တစ်ဦးချင်းပြိုင်ပွဲတွေမှာ ရွှေတံဆိပ် နှစ်ခု၊ အသင်းလိုက်ပြိုင်ပွဲမှာ ရွှေတံဆိပ်နှစ်ခု စုစုပေါင်း လေးခုရရှိခဲ့ပါတယ်၊ သမီး ဆရာတွေကတော့ ဆရာမ ဒေါ်မြတ်သူဇာမြင့်၊ ဆရာမ ဒေါ်သီသီဝင်း၊ ဆရာ ဦးညီညီထွန်း၊ ဆရာ ဦးနန်းအောင်နဲ့ ကိုရီးယားနည်းပြ နှစ်ဦးပါ။ ယခုလို ဆုရတာ သမီး အရမ်းပျော်ပါတယ်၊ (၂၃)ကြိမ်မြောက်အရှေ့တောင်အာရှပွဲမှာ အောင်ပွဲခံဖို့အတွက် အခုကတည်းက ပြင်းပြင်းထန်ထန်လေ့ကျင့်နေပါတယ်" ဟု ပြောကြားသွားသည်။

ထို့နောက် ရွှေတံဆိပ်လေးခု ရရှိခဲ့သော ပေါ်ဦးအား မေးမြန်းခဲ့ရာ ၁၉၉၆ ခုနှစ်က တတိယအကြိမ် အမျိုးသားအားကစားပွဲတော်အတွက် လက်ရွေးစင်အဖြစ် ရွေးချယ်ခံခဲ့ရကြောင်း။

၂၀၀၄ခုနှစ် ဗီယက်နမ် အာရှပတ်လည် မြားပစ်ပြိုင်ပွဲတွင် ရွှေတံဆိပ်သုံးခု၊ ကြေးတံဆိပ်တစ်ခု ရရှိခဲ့ကြောင်း၊ ယခင်ပြိုင်ပွဲများတွင် ဆုတံဆိပ်မရရှိခဲ့၍ မခံချင်စိတ်နှင့် ဆုတံဆိပ်ရအောင်လေ့ကျင့်ခဲ့ကြောင်း၊ လေ့ကျင့်မှုပိုမိုလုပ်လာခဲ့ရာမှ ရွှေတံဆိပ်ဆုရရှိခဲ့သည်အထိ အောင်မြင်မှုများ ရရှိခဲ့ကြောင်း၊ နောင်ကိုလည်း သည်ထက်ပို၍ ကြိုးစားပြီး နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားအဖြစ် ရပ်တည်သွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသွားသည်။

မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေကလည်း "မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်ကို တည်ထောင်ပြီး ငွေကုန်ကြေးကျခံကာ ဆောင်ရွက်နေခြင်းသည် မြားပစ်အားကစားနည်းဖြင့် နိုင်ငံ့ဂုဏ်ကို မြှင့်တင်လိုသည့်ဆန္ဒပြင်းပြ၍ဖြစ်ကြောင်း၊ ကမ္ဘာ့နံပါတ်တစ် ကိုရီးယားမြားပစ်သမားများကိုကြည့်၍ အားကျပြီး မြန်မာနှင့် ကိုယ်လုံးကိုယ်ပေါက်အချိုးအဆစ်ချင်းတူညီ၍ ဖြစ်နိုင်လိမ့်မည်ဟု မျှော်မှန်းပြီး ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုအခါ မိမိမျှော်မှန်းမှုများက တဖြည်းဖြည်း အကောင်အထည်ပေါ်လာကာ အောင်မြင်မှုများ ရရှိလာခဲ့ပြီဖြစ်ကြောင်း။

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်၊ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေတို့အား အမျိုးသား Compoundအသင်းလိုက်ပြိုင်ပွဲ ရွှေတံဆိပ်ဆုရ မြန်မာ၊ ငွေတံဆိပ်ဆုရ ထိုင်း၊ ကြေးတံဆိပ်ဆုရ မြန်မာအသင်းတို့အား ဆုချီးမြှင့်အပြီး တွေ့ရစဉ်။ (စိုးညွန့်–ကြေးမုံ)

အထူးသဖြင့် မြန်မာမြားပစ်အားကစားသမား နှစ်ဦးဖြစ်သည့် သီသီဝင်းနှင့် သင်းသင်းခိုင်တို့သည် အိုလံပစ်အဆင့်အထိ ရောက်သွားကြပြီး အိုလံပစ်တွင် ပြိုင်ပွဲဝင်ခွင့်ရရှိခဲ့ကြောင်း၊ နောင်ကိုလည်း မျိုးဆက်သစ်အရေအတွက်များများ အိုလံပစ်ပြိုင်ပွဲတွင် ပြိုင်ရမည့် အဆင့်သို့ရောက်ရန် ကြိုးပမ်းလျက်ရှိကြောင်း၊ ယခုပြိုင်ပွဲသည် (၂၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်သော ပြိုင်ပွဲဖြစ်၍ ရလဒ်ကောင်းများဖြင့် အောင်မြင်မှုရရှိနိုင်မည်ဖြစ်ကြောင်း၊ ပြိုင်ပွဲ ၁၆ပွဲတွင် မြန်မာမြားပစ်အသင်းက ပြိုင်ပွဲ ကိုးခု၌ ရွှေတံဆိပ်ကို ရယူပေးခဲ့ကြ၍ ဝမ်းသာပြီး နှစ်ထောင်းအားရ ကျေနပ်ပါကြောင်း"ဖြင့် ပြောကြားသွားသည်။

မြန်မာနိုင်ငံတွင် ရောက်ရှိနေသည့် အရှေ့တောင်အာရှ မြားပစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ Mr. San Gun Kosavinta ကို တွေ့ဆုံမေးမြန်းခဲ့ရာ "မြန်မာနိုင်ငံသည် အေးချမ်းသာယာသော နိုင်ငံတခုဖြစ်ကြောင်းကို ကိုယ်တွေ့မျက်မြင် ခံစားရကြောင်း၊ မြန်မာနိုင်ငံတွင် ရှိနေစဉ်အတွင်း မည်သည့် အခက်အခဲမျှ မရှိဘဲ မြန်မာမိတ်ဆွေများ၏ ရင်းနှီးဖော်ရွေမှု၊ ဧည့်ဝတ်ကျေပွန်မှုနှင့် ပြိုင်ပွဲတစ်လျှောက်လုံး အခက်အခဲမရှိအောင် ဆောင်ရွက်နိုင်မှုများကို အထူးလေးစား ကျေးဇူးတင်ပါကြောင်း" ပြောကြားသွားသည်။

မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်သည် လာမည့် (၂၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် အောင်နိုင်ဆုများရရှိရေး မျှော်မှန်းပြီး ပြင်းပြင်းထန်ထန် လေ့ကျင့်လျက်ရှိသည့် အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေနှင့်အတူ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဦးတင့်ဆန်း (ACE ဆောက်လုပ်ရေး)၊ ဦးမောင်မောင် (အာရှအိတ်စပရက်)၊ ဒေါက်တာဇော်ထွန်း(ရွှေဂုံတိုင်အထူးကုဆေးခန်း) တို့နှင့်အတူ အမှုဆောင်အဖွဲ့ဝင်များက အောင်နိုင်ရေး ကိစ္စများကို စနစ်တကျ ဆောင်ရွက်လျက်ရှိသည်။ မြန်မာ့ဂုဏ်ဆောင် မြားပစ်အားကစားသမားများကို တိုးမြှင့် မွေးထုတ်လျက်ရှိသည်။ မျိုးဆက်သစ် အားကစားမောင်မယ်များ၏ ကြိုးပမ်းစွမ်းဆောင်မှုများနှင့် ရှေ့ခရီးတွင်လည်း အောင်မြင်မှု သရဖူများ ဆက်လက်ဆောင်းနိုင်ပါစေဟု ဆုမွန်ကောင်း တောင်းမိပါသည်။ ။

အမျိုးသမီး Compound အသင်းလိုက် ရှုံး/ထွက် ပြိုင်ပွဲတွင် ရွှေတံဆိပ် ဆွတ်ခူးရရှိသွားသည့် မြန်မာလက်ရွေးစင် မြားပစ်အားကစားမယ်များ။ (စိုးညွန့်– ကြေးမုံ)



ဇန်နဝါရီ ၁၂ရက်ကကျင်းပသည့် အမျိုးသား Compound မီတာ ၇၀ အမှတ်ပေး တစ်ဦးချင်းမြားပစ်ပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ခု၊ Compound ရှုံးထွက် တစ်ဦးချင်း ပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ခု စုစုပေါင်း ရွှေတံဆိပ်နှစ်ခု ထပ်မံ ဆွတ်ခူးရရှိခဲ့သော ပေါ်ဦးအားတွေ့ရစဉ်။ (စိုးညွန့်–ကြေးမုံ)

ရွှေတံဆိပ်လေးဆု ရှင် မျိုးဆက်သစ် မြားပစ် အားကစားသမား ယုနန္ဒာထိုက်။ (စိုးညွန့်–ကြေးမုံ)

ကြည့်ရှုစစ်ဆေး

အုတ်ဖို–တိမ်မြှုပ် (တိမ်ညွှန့်) ကျေးလက် ဂဝံလမ်းနှင့် သဖန်းပင်ဆိပ် ဘေလီတံတားဖွင့်ပွဲကို ဒီဇင်ဘာ ၂၇ရက်က လမ်းထိပ်မုခ်ဦး၌ ကျင်းပရာ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အနောက်ပိုင်းတိုင်းခွဲ)ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်လှမင်းနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင် သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးမျိုးမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဘေလီတံတားကို ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

မိုးကုတ် ဝိပဿနာတရားစခန်း ကျင်းပမည်

လက်ပံတန်း ဇန်နဝါရီ ၁၃

ပဲခူးတိုင်း(အနောက်ပိုင်း) လက်ပံတန်းမြို့နယ် ကညင်တိုအုပ်စု ခမ္မိကာရုံကျောင်းတိုက်တွင် မိုးကုတ် ဝိပဿနာတရားစခန်းပွဲကို ပြာသိုလဆန်း ၁၁ ရက်မှ ၁၅ ရက်အထိ ကျင်းပမည်ဖြစ်သည်။

ရန်ကုန်မြို့ မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်၏ ကမ္မဋ္ဌာနာစရိယ နယ်လှည့်ဓမ္မကထိက ဓမ္မာစရိယ အရှင်ကုမာရက ကျေးဇူးရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက်ပဋိစ္စသမုပ္ပါဒ်သစ္စာလေးပါး တရားတော်များ ဟောကြားမည်ဖြစ်သည်။ ကညင်တိုစံပြရွာ ဆရာကြီး ဦးမြသန်းနှင့်တပည့် ဒါယကာ၊ ဒါယိကာမတို့က ငါးရက်တိုင် အာဟာရဒါနနှင့် ဝေယျာဝစ္စကုသိုလ်များ ဆောင်ရွက်ကြမည်ဖြစ်ရာ တရားစခန်းဝင်လိုသော ယောဂီများ ပြာသိုလဆန်း ၁၀ ရက် ညနေ လာရောက်ကြရန် နှိုးဆော်ထားသည်။ **(က–ပ)**

ကျုံပျော်အထက အာစရိယပူဇော်ပွဲ ကျင်းပမည်

ကျုံပျော် ဇန်နဝါရီ ၁၂

ဒုတိယအကြိမ် ကျုံပျော် အထက (ရွှေရတုအကြို) အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၂၂ရက်နှင့် ၂၃ရက်တွင် ကျင်းပမည်ဖြစ်ရာ အသက်(၆၀)ပြည့် အငြိမ်းစား ဆရာ၊ ဆရာမကြီးများ ကြွရောက်ကြရန် ဖိတ်ကြားထားသည်။

အာစရိယပူဇော်ပွဲသို့ ဆရာ၊ ဆရာမကြီးများနှင့်အတူ တပည့်ဟောင်းများ ကြွရောက်နိုင်ရန်အတွက် ဇန်နဝါရီ ၂၂ ရက် နံနက် ၇နာရီအရောက် ဒဂုံဇရာ အဝေးပြေးယာဉ်စခန်းရှိ ခေတ်မီ–ကျုံပျော် ကားဂိတ်သို့ ကြွရောက်ကြရန်နှင့် အလှူငွေများ ထည့်ဝင်လိုပါက ဗိုလ်ကြီး စိန်သန်း(ငြိမ်း) ဖုန်း ၀၉–၂၀၀၆၂၆၄ (ကျုံပျော်မြို့နယ်အသင်း)၊ ဒေါက်တာဝင်းအောင် ဖုန်း ၀၉–၅၀၁၅၃၈၈၊ ဦးသန်းစိုး ဖုန်း ၀၉–၈၉၂၅၇၁၂၊ ဦးမြင့်သောင်း ဖုန်း–၅၈၄၅၇၇၊ ဒေါ်ရွှေမိ ဖုန်း–၇၀၀၇၅၇ နှင့် ခေတ်မီကားဂိတ် ဖုန်း–၆၈၅၃၀၀ လိုင်းခွဲ(၃၃၉) ပုသိမ်၊ ဒေါက်တာမင်းဆောင် ဖုန်း ၀၄၂–၂၄၂၉၀ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က–ပ)**

အနာဂတ်သာသနာ့ အာဇာနည် ရှင် ၂၅၈ ပါးအား သာသနာ၀င် အခမ်းအနား ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၃

ဒေသတွင်းရှိ အရွယ်ရောက်ပြီးသော အမျိုးကောင်းသားရတနာများ ပဗ္ဗဇ္ဇိတဒုလ္လဘကို ရရှိကြပြီး သာသနာ့ဝန်ထမ်းမျိုးဆက်သစ်များ ပေါ်ထွန်းလာရေးကို ရှေးရှုလျက် ဓမ္မဘေရီ အရှင်ဝီရိယ (တောင်စွန်း)ဆရာတော်နှင့် အမရပူရမြို့၊ ရွှေကူကြီးပရိယတ္တိစာသင်တိုက်နာယကဆရာတော် အရှင်ဩဘာသတို့က ကြီးမှူး၍ မန္တလေးမြို့၊ ပုလဲငွေရောင်ရပ် ဦးအောင်သိမ်း–ဒေါ်ခင်လှသင်းနှင့် သားသမီးများ "မြန်မာ့ရတနာ အောင်ဇမ္ဗူ"မိသားစုတို့က သာသနာ့ဒါယကာအဖြစ်ခံယူကာ နတ်မောက်မြို့နယ်၊ ဥယျာဉ်တောင်ရွာ၌ ၁၃၆၆ ခုနှစ် ပြာသိုလပြည့်၊ ဇန်နဝါရီ ၂၄ရက်တွင် မကွေးတိုင်း၊ နတ်မောက်မြို့ အရှေ့လက်နှင့် မန္တလေးတိုင်း၊ ပျော်ဘွယ်မြို့အနောက်လက်အတွင်းရှိ ကျေးရွာပေါင်း ၂၅ ရွာတို့မှ အမျိုးကောင်းသား ၂၅၈ ဦးတို့အား သာသနာ့ဘောင်သွတ်သွင်းသည့် သာမဏေရ ပဗ္ဗဇ္ဇမင်္ဂလာပွဲကြီးကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ယင်းတို့အနက် သာသနာ့ဘောင်၌ ထာဝရမွေ့လျော်မည့် ရှင်သာမဏေများအား အနာဂတ်ထေရသာသနာတွင် သာသနာ့အာဇာနည်များဖြစ်လာရေး အလှူရှင်များက ပစ္စည်းလေးပါး ဒါယကာအဖြစ်ခံယူ၍ ဆရာတော်ကြီးများက ပရိယတ္တိ၊ ပရိပတ္တိဖြင့်ပြည့်စုံရေး အတွက် ကြီးမှူးကြပ်မတ်ပျိုးထောင်တာဝန်ယူ ဖြည့်ဆည်းပေးသွားမည်ဖြစ်သည်။ ထို့အတူ မူလတန်းအောင်မြင်ပြီး လူထွက်၍အလယ်တန်း၊ အထက်တန်းပညာဆက်လက်သင်ကြားလိုပါကလည်း တွဲဖက်အလယ်တန်းကျောင်းဖွင့်လှစ်ထားသည့် ရွှေကူကြီး ပရိယတ္တိစာသင်တိုက်တွင် ဆက်လက်ပညာဆည်းပူးနိုင်ရေး ထောက်ပံ့ပေးသွားမည်ဖြစ်သည်။ ဤအလှူမှာ မန္တလေးနှင့် မကွေးတိုင်းနှစ်တိုင်းအတွင်း ကျေးရွာများမှ သာသနာအတွင်းဝင်ရောက်ရန် စိတ်ထက်သန်သည့် အမျိုးကောင်းသားများအား ပထမဆုံးအကြိမ်ရေရှည်မျှော်မှန်းချက်ဖြင့် သာသနာ့ဘောင် သွတ်သွင်းခြင်းဖြစ်ကြောင်းသိရသည်။ (က–ပ)

The Mirror
မြို့နယ်သတင်းများ

ညောင်လေးပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့သာယာလှပရေးလုပ်ငန်းများကို စီမံချက်ချ ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၂၃ ရက်က မြို့မဈေးရှေ့ လူသွားစင်္ကြံပြုပြင်ခြင်းလုပ်ငန်းခွင်သို့ ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးရင်စိန် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းလွင်စိုးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမြင့်လှိုင်တို့ ရှင်းလင်းတင်ပြစဉ်။ (၁၂၆)

အာစရိယပူဇော်ပွဲကျင်းပ

ဘိုကလေး ဇန်နဝါရီ ၁၁

ဘိုကလေးမြို့ အမှတ်(၂) အထက ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ပထမအကြိမ် အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၉ ရက်က အမှတ်(၂) အထက ကျောင်းအစည်းအဝေးခန်းမ၌ ကျင်းပပြီး ဆရာ၊ ဆရာမကြီးများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ကြသည်။ **(က–ပ)**

မင်းဘူးခရိုင်အသင်း သက်ကြီးပူဇော်ပွဲ

မင်းဘူး ဇန်နဝါရီ ၁၃

မင်းဘူးခရိုင်အသင်း (ရန်ကုန်)၏ (၅၅)နှစ်မြောက် နှစ်ပတ်လည် အစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၂၃ ရက် နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ဗဟန်းကြားတောရလမ်း ကုန်သွယ်လယ်ယာ ဓမ္မာရုံကြီးတွင် ကျင်းပမည်ဖြစ်သည်။ ရန်ကုန်ရောက် မင်းဘူးခရိုင်သူ/သားများ အသင်းဝင်ပြီးဖြစ်စေ၊ မဝင်ရသေးသူများဖြစ်စေ တက်ရောက်ကြရန်နှင့် မင်းဘူးခရိုင် အသင်းဝင်များထဲမှ အသက်(၇၅)နှစ်ပြည့် ပုဂ္ဂိုလ်များအား ပူဇော်ကန်တော့ခြင်း၊ ၂၀၀၄ ခုနှစ် မတ်လတွင် ကျင်းပခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သော အသင်းဝင်များ၏ သား၊ သမီးများအား ဆုချီးမြှင့်မည်ဖြစ်ရာ ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူများသည် ဥက္ကဋ္ဌ ဦးဝင်းဖေ (ဆောက်/လျှပ်) ဖုန်း–၇၀၄၇၉၆၊ အတွင်းရေးမှူး ဗိုလ်မှူးတင့်ဝေ(ငြိမ်း) ဖုန်း–၅၇၇၇၄၃ တို့ထံ ဆက်သွယ်ကြရန် နှိုးဆော်ထားသည်။ **(က–ပ)**

ဖလမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၄–၂၀၀၅ ခု ဘဏ္ဍာရေးနှစ် နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ဆောင်ရွက်မည့် ကျောက်စီနံရံလုပ်ငန်းများအတွက် ကျောက်ကြီး စုဆောင်းထားရှိမှုကို ဒီဇင်ဘာ ၁၆ ရက်က ချင်းပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ခေတ္တညွှန်ကြားရေးမှူး ဦးစိုးဝင်း ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတမ်အောင်နှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြစဉ်။ (နယ်စပ်စည်ပင်)

တွံတေးမြို့နယ် သာယာကုန်း ဂဝံလမ်းသစ်ဖွင့်

တွံတေး ဇန်နဝါရီ ၁၁

တွံတေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူ ဆောင်ရွက်ခဲ့သည့် သာယာကုန်းလမ်း ဂဝံလမ်းသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၁ ရက်က အဆိုပါလမ်းထိပ် မုခ်ဦး၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ စည်ပင်သာယာရေးအဖွဲ့ ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (အင်/ယာ) ဦးကျော်၊ ရန်ကုန်တိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကြဲတိုင်းဆောင်၊ တွံတေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်နိုင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။

ဖွင့်လှစ်

ရှေးဦးစွာ တွံတေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းလင်းထွန်းက သာယာကုန်းလမ်း ဂဝံခင်းခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး စည်ပင်သာယာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်(အင်/ယာ) ဦးကျော်နှင့် ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကြဲတိုင်းဆောင်တို့က လမ်းကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

သာယာကုန်းလမ်းမှာ အရှည်ပေ ၁၈၀၇၊ အကျယ် ၁၂ပေ ခြောက်လက်မရှိပြီး တွံတေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ခွင့်ပြုရန်ပုံငွေကျပ် ၃၈၄၀၀၀၀ ဖြင့် ဂဝံလမ်းခင်း ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ကျေးလက် တစ်ခွင် ဖွံ့ဖြိုး စည်ပင်

မြောင်းမြမြို့ အထက (၆) ၏ ပညာရေးစုံညီပွဲနှင့် ဆုပေးပွဲကို ဇန်နဝါရီ ၃ ရက်က ကျင်းပရာ တပ်မတော်နေ့ ကျပန်း စကားပြောပြိုင်ပွဲ ခရိုင်အဆင့် ဆုရရှိသူ ကျောင်းသား တစ်ဦးအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ခင်မာ ဆုချီးမြှင့်စဉ်။ (၁၇၆)

ကတ္တရာလမ်းသစ်ဖွင့်

ဇန်းမော် ဇန်နဝါရီ ၆

ဇန်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၄–၂၀၀၅ ခု ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ခဲ့သည့် မြို့တွင်းလမ်းဖြစ်သည့် ရိုးကြီးလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၁ ရက်က မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်နှင့် မြို့နယ်စည်ပင်သာယာအဖွဲ့ အမှုဆောင်အရာရှိ ဦးမင်းဇော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အဆိုပါ လမ်းသည် အရှည် ပေ ၃၆၀၀၊ အကျယ် ၁၂ ပေရှိပြီး မူလကျောက်လမ်းမှ ကတ္တရာလမ်းသို့ အဆင့်မြှင့်တင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(နယ်စပ်စည်ပင်)**

ကျောင်းကုန်းမြို့နယ်ရပ်ကွက်၊ ကျေးရွာ အုပ်စုပေါင်းစုံ ကာယအလှမယ် ရွေးပွဲကို ဇန်နဝါရီ ၄ ရက်က မြို့မအားကစား ရုံ၌ ကျင်းပရာပထမဆုရ ကံကလေးကျေးရွာမှ မချမ်းမြအေး အား မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်သင်းသင်းယုဆုချီးမြှင့်စဉ်။ (၃၆၅)

အမှာစကား ပြောကြား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီး ခင်မောင်သန်း ငပုတောမြို့နယ် ကျုံကူးကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းခွဲ ကျောင်းဆောင်သစ်ဖွင့်ပွဲတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ကျုံကူးအခြေခံပညာအထက်တန်းကျောင်း ကျောင်းဆောင်သစ်နှင့် ဘဝရွှေ့ဆောင်စာကြည့်တိုက်ဖွင့်ပွဲ တက်ရောက်အားပေး

ရန်ကုန် ဇန်နဝါရီ ၁၃

ဧရာဝတီတိုင်း ပုသိမ်ခရိုင် ငပုတောမြို့နယ် ကျုံကူးကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းခွဲ ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၁၀ နာရီတွင် အဆိုပါကျောင်းဆောင်သစ်ရှေ့၌ ကျင်းပရာ နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးခင်မောင်သန်း တက်ရောက်အားပေးပြီး ကျောင်းဆောင်သစ် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဖွင့်ပွဲ အခမ်းအနားသို့ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး စိုးသိန်း၊ ဧရာဝတီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်၊ တပ်မတော် အရာရှိကြီးများ၊ တိုင်း၊ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများ၊ ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်များနှင့် အလှူရှင်များ၊ ကျောင်းသား ကျောင်းသူများ စည်ကားသိုက်မြိုက်စွာတက်ရောက်ကြသည်။

ရှေးဦးစွာ ထူးချွန်ကျောင်းသား၊ ကျောင်းသူလေးများက မြန်မာ့ပညာရေး မျှော်မှန်းချက်ကမ္ပည်းကျောက်စာကို ရွှေကြိုး၊ ငွေကြိုးဆွဲ၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးသန်းထွန်းနှင့် ကျောင်းအုပ်ကြီး ဦးမြင့်နိုင်တို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက ကျုံကူးအခြေခံပညာ အထက်တန်းကျောင်းခွဲ ကျောင်းဆောင်သစ် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)ဒုတိယ ဗိုလ်ချုပ်ကြီး စိုးသိန်း၊ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် တာဝန်ရှိသူများသည် ကျောင်းဆောင်သစ်ရှိ မကြာမီဖွင့်လှစ်မည့် ပညာရည်မြင့်မားရေးအထောက်အကူပြု စာသင်ခန်း၊ ပန်းချီခန်း၊ သိပ္ပံခန်း၊ အိမ်တွင်းမှုခန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး ရသခန်း၌ ကျောင်းသား၊ ကျောင်းသူလေးများ၏ အနုပညာစွမ်းရည်အပြည့်ဖြင့် တင်ဆက်ဖျော်ဖြေမှုတို့ကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ အလှူငွေနှင့် ကွန်ပျူတာများပေးအပ်ရာ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က ကွန်ပျူတာတစ်လုံးကို လည်းကောင်း၊ ပညာရေးဝန်ကြီးဌာန အမှတ်(၁) အခြေခံပညာဦးစီးဌာနက ငွေကျပ်နှစ်သိန်းနှင့် ကွန်ပျူတာနှစ်လုံးကို အမှတ်(၁) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ကိုယ်စား ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးထွန်းကြည်က လည်းကောင်း၊ ပုသိမ်မြို့မှ ဦးဌေးမြင့်၊ ဒေါ်ခင်အေး မိသားစုက ငွေကျပ် ငါးသောင်းကိုလည်းကောင်း ပေးအပ်လှူဒါန်းကြရာ ကျောင်းအုပ်ဆရာကြီး ဦးမြင့်နိုင်က လက်ခံသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက အမှာစကားပြောကြားရာတွင် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီး တည်ဆောက်ရာ၌ အခြေခံအချက်သုံးချက် ဖြစ်သော ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ စီးပွားရေး တိုးတက်ရေးနှင့် လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးတို့ လိုအပ်ကြောင်း၊ ဧရာဝတီတိုင်း၏ ပညာရေး တိုးတက်မှုကို ကြည့်မည်ဆိုလျှင် ကျောင်းခွဲနှင့် တွဲဖက်ကျောင်းများ အပါအဝင် အထက်တန်းကျောင်းပေါင်း ၂၅၇ ကျောင်း၊ အလယ်တန်းကျောင်း ပေါင်း ၅၈၀ ကျောင်း၊ မူလတန်းကျောင်းပေါင်း ၅၉၄၈ ကျောင်းအထိ ဖွင့်လှစ်ပေးနိုင်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ ယခု ဖွင့်လှစ်သည့် ငပုတောမြို့နယ် ကျုံကူး အခြေခံပညာ အထက်တန်း ကျောင်းခွဲ အပါအဝင် ကျောင်းအဆောက်အအုံများကိုလည်း နိုင်ငံတော်နှင့် ပြည်သူ ပူးပေါင်းပြီး တင့်တင့်တယ်တယ် တည်ဆောက် ပေးနိုင်ခဲ့သည့်အတွက် ကျောင်းသား၊ ကျောင်းသူများ အနေဖြင့် ပညာသင်ယူနိုင်သည့် အခွင့်အလမ်းများ အပြည့်အဝ ရရှိနေကြပြီ ဖြစ်ကြောင်း၊ ကျုံကူးဒေသခံ ပြည်သူများ အနေဖြင့်လည်း မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ် (၅)ရပ် အောင်မြင်ရေးလုပ်ငန်းများကို နိုင်ငံတော်နှင့် လက်တွဲပြီး ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်း ပြောကြားလိုကြောင်းဖြင့် ပြောကြားသည်။

အခမ်းအနားအပြီးတွင် ဒုတိယ ဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ကျောင်းအကျိုးတော်ဆောင် အဖွဲ့များ၊ ဆရာ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် စုပေါင်း ဓာတ်ပုံရိုက်ကြသည်။

ယနေ့ဖွင့်လှစ်လိုက်သော ကျုံကူး ကျေးရွာအခြေခံပညာ အထက်တန်း ကျောင်းခွဲ ကျောင်းဆောင်သစ်မှာ အလျားပေ ၁၅၀၊ အနံ ၃၂ပေနှင့် အမြင့် ၃၄ပေရှိ နှစ်ထပ်ကျောင်းဆောင် သစ်ဖြစ်ပြီး စုစုပေါင်းအခန်း ၁၀ခန်း ပါရှိကာ စာသင်ခန်းရှစ်ခန်း၊ ဘုရားခန်းတစ်ခန်းနှင့် ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ၊ ဆရာမများအတွက် တစ်ခန်းပါရှိသည်။ တစ်ခန်းလျှင် ကျောင်းသား၊ ကျောင်းသူ ၄၀ ဦးဖြင့် စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ ၃၂၀ ဦး ပညာသင်ကြားနိုင်သည်။ နိုင်ငံတော်မှပံ့ပိုးငွေကျပ် ၆၃သိန်းနှင့် အလှူရှင်များ၏ စုပေါင်းလှူဒါန်း ငွေကျပ် ၅၃၇သိန်း စုစုပေါင်းငွေကျပ် သိန်း ၆၀၀ ကုန်ကျခဲ့သည်။

ထိုမှတစ်ဆင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယ ဗိုလ်ချုပ်ကြီးစိုးသိန်း၊ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် အဖွဲ့ဝင်များသည် ငပုတောမြို့နယ် ကျုံကူးကျေးရွာ၌ ဖွင့်လှစ်သော ဘဝရွှေ့ဆောင်ကျေးရွာသူကြီး ဦးလှမြင့် စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် ရှေးဦးစွာ စာကြည့်တိုက် အလှူရှင် ဦးမြင့်စိုးက ဘဝရွှေ့ဆောင် ကျေးရွာသူကြီး ဦးလှမြင့် စာကြည့်တိုက်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့်အဖွဲ့ဝင်များသည် စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ စာကြည့်တိုက်ကို စာကြည့်တိုက်အလှူရှင် ဦးစိုးမြင့်နှင့် ဒေါက်တာ ဒေါ်မေမေကြည်တို့က တန်ဖိုးငွေကျပ် ၃၁သိန်း အကုန်အကျခံ၍ ဆောက်လုပ်လှူဒါန်းခဲ့ပြီး ကျုံကူးကျေးရွာ ဓမ္မပါလ ကျောင်းတိုက် ဆရာတော်နှင့် ဦးချစ်ရီနှင့် ဒေါ်ခင်သောင်းတို့က မြေနေရာ ပေးအပ်လှူဒါန်းကြောင်း သိရသည်။

ဘဝရွှေ့ဆောင် ကျေးရွာသူကြီး ဦးလှမြင့်စာကြည့်တိုက်တွင် ကျေးလက်နေပြည်သူများ ဗဟုသုတ ပိုမိုတိုးပွားစေရန်အတွက် သုတ၊ မဂ္ဂဇင်း၊ ဂျာနယ်၊ ဝတ္ထု၊ ရုပ်ပြ၊ သတင်းစာ စုစုပေါင်း ၃၂၆၃အုပ်ရှိသည်။ (သတင်းစဉ်)

အချစ်ရဲ့နယ်စပ် အမုန်းရဲ့မြို့ရိုးဇာတ်ကားသစ် ရုံသုံးရုံတစ်ပြိုင်တည်းတင်

ရုပ်ရှင်

ရန်ကုန် ဇန်နဝါရီ ၁၃

ယခုသောကြာပတ်တွင် ထားဝယ်ရုပ်ရှင်မှ ဒါရိုက်တာနောင်ထွန်းလွင် ညီညီထွန်းလွင်ရိုက်ကူးသည့် **အချစ်ရဲ့နယ်စပ် အမုန်းရဲ့မြို့ရိုး** ဇာတ်ကားသစ် သမ္မတ၊ သွင်နှင့် မင်္ဂလာရုံကြီးများတွင် တစ်ပြိုင်တည်း တင်ဆက်ပြသသည်။

ထိုဇာတ်ကားတွင် ကျော်ရဲအောင်၊ ဒွေး၊ မင်းဟိဏ်း၊ အိန္ဒြာကျော်ဇင်နှင့် နဝရတ်တို့ သရုပ်ဆောင်ထားကြသည်။ ဖခင်နှင့်သား၊ သူငယ်ချင်းနှင့် ချစ်သူတို့အကြား ဖြစ်ပေါ်လာသော မုန်းတီးမှု၊ ချစ်ခင်မှု၊ အာဃာတတရား၊ သမုဒယမေတ္တာတို့ကို စိတ်ဝင်စားဖွယ် သရုပ်ဖော်ထားသော ဇာတ်ကား ဖြစ်သည်။

ဆက်လက်၍ ရာဇာနေဝင်း၊ ခန့်စည်သူ၊ ထက်ထက်မိုးဦးတို့ သရုပ်ဆောင်သော **လက်တွဲဖော်** အချစ် သရုပ်ဖော်ဇာတ်ကား ရွှေဆောင်နှင့် နဝဒေးရုံများတွင် တင်ဆက်ပြသနေသည်။

နေပြည်တော်ရုံတွင် Anacondas အမည်ရှိ နိုင်ငံခြားအက်ရှင် စွန့်စားခန်း ဇာတ်ကား ရုံတင်ပြသသည်။ ဆေးဝါးကုမ္ပဏီကြီးအတွက် သက်ရှည်နုပျိုဆေး ဖော်စပ်ရန် သွေးနီရောင်သစ်ခွကို ဘော်နီယိုကျွန်းသို့ သွားရောက်ရှာဖွေကြပုံ၊ သဘောထားကွဲကာ လောဘဇောတိုက်ပုံ၊ အဆိပ်ပြင်းသော ပင့်ကူနှင့် မြွေများအန္တရာယ် ရင်ဆိုင်ရပုံများကို ရိုက်ကူးပြသထားသည်။

"အချစ်ရဲ့နယ်စပ် အမုန်းရဲ့မြို့ရိုး" ဇာတ်ကားသစ်မှ ကျော်ရဲအောင်၊ ဒွေးနှင့် အိန္ဒြာကျော်ဇင်။

နေပြည်တော်ရုံတွင် ယခုအပတ် ရုံတင်ပြသလာသည့် နိုင်ငံခြားကားသစ် Anacondas အမည်ရှိ မြွေဇာတ်ကားမှ ဇာတ်ဝင်ခန်း တစ်ခန်း။

ယခုအပတ်တွင် ရွှေဂုန်ရုံ၌ အချစ်နှင့် ယုံကြည်မှု၊ အချစ်၏ တန်ဖိုးထားမှုတို့ကို ဖော်ကျူးပြသသည့် အကယ်ဒမီဆုရ အိန္ဒိယအချစ်ဟာသဇာတ်ကား ဖြစ်သော Dil Chahta hai ဇာတ်ကား ရုံတင်ပြသနေသည်။

လက်တွဲဖော်

ရွှေဆောင်ရုံတွင် ဆက်လက်ပြသနေသည့် "လက်တွဲဖော်"ဇာတ်ကားမှ ခန့်စည်သူနှင့် ထက်ထက်မိုးဦး။

Humraaz အိန္ဒိယဇာတ်ကားမှ သရုပ်ဆောင်ကွက်။

မြို့မရုံတွင် Humraaz အမည်ရှိ အိန္ဒိယအချစ်နှင့် အက်ရှင်ဇာတ်ကား ရုံတင်ပြသသည်။ သည်းထိတ်ရင်ဖိုပစ်ခတ်မှုများအတွင်း လှုပ်ရှားမှုများကို ဘော်ဘီဒေါ၊ အရှစ်ခန်နာ၊ အမီရှာပတေးတို့က ပုံဖော်သရုပ်ဆောင်ထားကြသည်။

ဘုရင်ရုံတွင် Baghban အမည်ရှိ မိသားစုဒရာမာဇာတ်ကား ရုံတင်ပြသနေသည်။ မိဘနှင့် သားသမီးတို့ထားရှိကြရမည့် ဦးတည်ချက်ကို ဖော်ထုတ်ထားသော ဇာတ်ကားဖြစ်၍ အင်္ဂလိပ်စာတန်းထိုး ပြသသည်။

ဆုထူးပန်ရုံတွင် Army အမည်ရှိ အိန္ဒိယအက်ရှင်ဇာတ်ကား ရုံတင်ပြနေသည်။ မူးယစ်ဆေးဝါး မှောင်ခိုများကို ဖြိုဖျက်တိုက်ခိုက်ပုံကို အသားပေး ရိုက်ကူးပြသထားသော ဇာတ်ကား ဖြစ်သည်။ **(ကြေးမုံ)**

မီးသတ်ဦးစီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား တက်ရောက် အမှာစကားပြောကြား

ရန်ကုန် ဇန်နဝါရီ ၁၃

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာန၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေး ဒုတိယနေ့အစီအစဉ်များကို ယမန်နေ့နံနက် ၉နာရီခွဲတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပရာ လူမှု ဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားတက်ရောက်၍ အမှာစကား ပြောကြားသည်။ (အပေါ်ပုံ)

အဆိုပါ လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနမှ အထူးအရာရှိ ဗိုလ်မှူးချုပ် သူရ စိန်သောင်း၊ မီးသတ်ဦးစီးဌာနညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယ ညွှန်ကြားရေးမှူးများ၊ဝန်ကြီးရုံး-ရုံးအဖွဲ့မှူးနှင့် လက်ထောက်ညွှန်ကြားရေးမှူးများ၊ အကြပ်ပုဂ္ဂိုလ်နှင့် ပြည်နယ်နှင့် တိုင်းမီးသတ်ဦးစီးဌာနမှူးများ တက်ရောက်ကြသည်။

လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် ရှေးဦးစွာ မီးသတ်ဦးစီးဌာနရှိ ဌာန အသီးသီး၏ လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေနှင့် ဆောင်ရွက်ရမည့် ရှေ့လုပ်ငန်းစဉ်များကို တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားက တင်ပြချက်များနှင့် စပ်လျဉ်း၍ လုပ်ငန်းများကို စနစ်တကျဆောင်ရွက်ကြရေး၊ တာဝန်ရှိသူများက အောက်ခြေအထိ ကွင်းဆင်း၍ လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းပံ့ပိုးပေးရေး၊ စည်းကမ်းပြည့်ဝသော ဝန်ထမ်းများဖြစ်အောင် ရှေ့ဆောင်လမ်းပြပြုရေး တို့ကို မှာကြားသည်။

ယင်းနောက် ဝန်ကြီးသည် နိုင်ငံတော်က ဝယ်ယူပေးသည့် ခေတ်မီ လှေကားတင် မီးသတ်ယာဉ်၏ လှေကျင့်မှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် မီးသတ် ဦးစီးဌာန(ရုံးချုပ်)၌ နှစ်(၆၀)ပြည့် တပ်မတော်နေ့ စစ်တီးဝိုင်းပြိုင်ပွဲတွင် ပါဝင်သရုပ်ပြသမည့် မီးသတ်တပ်ဖွဲ့ စစ်တီးဝိုင်းအဖွဲ့၏ လေ့ကျင့်တီးခတ်မှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည် များကို မှာကြားသည်။ (သတင်းစဉ်)

ခစ်ကိုင်းတောင်ရိုး ဆွမ်းဦးပုညရှင်စေတီတော်မြတ်ကြီး

စိန်ဖူးတော်အသစ်၊ ငှက်မြတ်နားတော်အသစ်၊ ရွှေထီးတော်အသစ် တင်လှူပူဇော်မည်

စေတီတော်ကြီး၏ ကိုယ်လုံးတော်အပြည့် ရွှေစင်သက်န်း ကပ်လှူပူဇော်မည်

မြတ်စွာဘုရားရှင် လက်ထက်တော်ကာလ နာဂဒတ္တမထေရ် သီတင်းသုံးတော်မူသောကြောင့် နာဂဒတ္တ တောင်ဟု အမည်တော်ရှိခဲ့သော တောင်ထွတ်ပေါ်၌ မြန်မာသက္ကရာဇ် ၆၇၄ ခုနှစ်တွင် ဝိဇယပူရမည်သော ပင်းယမြို့ကို တည်ထောင်သော တစ်စီးရှင် သီဟသူမင်းလက်ထက် အမတ်ကြီး ဦးပုည တည်ထားကိုးကွယ်ခဲ့ခြင်းဖြစ်လေသည်။ ပင်းယတည် တစ်စီးရှင် သီဟသူသည် ပုဂံ၏ နောက်ဆုံးမင်းကျော်စွာ၏ မိဖုရားကြီးဖွားစောထံမှ မြတ်ဗုဒ္ဓ၏ သရီရဓာတ်တော် ခုနစ်ဆူ ရရှိခဲ့လေသည်။ သီဟသူ၏ ပင်းယမြို့သစ် နန်းသစ်ဖွင့်ပွဲတွင် ပုဂံ (ပြုဂါမ်)၏ နောက်ဆုံးမင်း နရသီဟပတိမင်း၏ မိဖုရားကြီးက အနော်ရထာမင်းကြီးလက်ထက်မှစ၍ မင်းခုနစ်ဆက် နန်းစဉ်ကိုးကွယ်ခဲ့သော သရီရဓာတ်တော် ခုနစ်ဆူကို သီဟသူအား လက်ဆောင်ပေးအပ်ခဲ့လေရာ ထိုဓာတ်တော်များကို ပုညအမတ်က သူ၏ စေတီတော်တွင် ဌာပနာခဲ့လေသည်။ ပင်းယ တစ်စီးရှင်သီဟသူ၏ သားတော် ဇေယျပူရတိုင်း စစ်ကိုင်းတည် (၆၇၇) အသေင်္ခယာစောယွန်းက နန်းစဉ်ဓာတ်တော်များ ထည့်သွင်းဌာပနာခဲ့ရာ ပုညစေတီတော်ကို ဝါဆိုလပြည့်နေ့မှစ၍ ဝါတွင်းသီတင်းစဉ် ဆွမ်းတော်ကြီးတင်ဘုရားပွဲများကို သီတင်းကျွတ်လပြည့်အထိ တင်လှူပူဇော်ခဲ့ရာ ပုညစေတီတော်ကြီးမှာ ဆွမ်းတော်ပွဲတစ်ပွဲကို ဦးစွာအလှူခံရရှိတော်မူသဖြင့် ဆွမ်းဦးပုညရှင်ဟု အမည်တော်တွင်ခဲ့လေသည်။ သက္ကရာဇ် ၆၇၄ နှစ်တွင် တည်ထားခဲ့သော ဆွမ်းဦးပုညရှင် စေတီတော်သည် နှစ်ပေါင်း ၈၉၂နှစ် သက်တော်ရှည်ခဲ့ပြီ ဖြစ်သည်။ လျှပ်ဒဏ်ကို အကြိမ်ကြိမ်ခံခဲ့ရသည့်အတွက် ထီးတော်ကြီး အကြိမ်ကြိမ်ပျက်စီးခဲ့ရခြင်း၊ စေတီတော်ကြီး၏ အထက်ပိုင်း အကြိမ်ကြိမ်ပျက်စီးခဲ့ရခြင်းတို့ကြောင့် စေတီတော်ကြီးကို မွမ်းမံပြုပြင်ရန် ထီးတော်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်တို့ အသစ်တင်လှူရန်လိုအပ်နေပြီဖြစ်ပါသည်။ သို့ဖြစ်၍ ယခုအခါ စေတီတော် ဩဝါဒါစရိယ ဆရာတော်ကြီးများအဖွဲ့၊ စေတီတော်ဂေါပကအဖွဲ့၊ စစ်ကိုင်းတိုင်း၊ ခရိုင်၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့များ ပါဝင်ပူးပေါင်း၍ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိ သီတဂူဆရာတော် အရှင်ဉာဏိဿရက ဦးဆောင်လျက် စေတီတော်ကြီးကို မွမ်းမံပြင်ဆင်ခြင်း၊ ရွှေထီးတော်၊ စိန်ဖူးတော်၊ ငှက်မြတ်နားတော်များအသစ် တင်လှူပူဇော်ရန် အခြေခံလုပ်ငန်းများ စတင်ဆောင်ရွက်နေပြီဖြစ်သည်။ ယခုနှစ် တပို့တွဲလပြည့်နေ့၌ ကိုယ်လုံးတော် ပြည့် ရွှေသင်္ကန်း စတင်ကပ်လှူရန်နှင့် တပေါင်းလပြည့်နေ့၌ ရွှေထီးတော်အသစ်တင်လှူရန် လျာထားဆောင်ရွက် နေကြပြီဖြစ်ပါသည်။

အခွင့်ကောင်းကို ချောင်းကြည့်နေကြသည့် အလှူရှင်အပေါင်းတို့-

(၁) ဆွမ်းဦးပုညရှင် ဂေါပကအဖွဲ့ ဖုန်း-၀၇၂-၂၁၅၄၄

(၂) သီတဂူ ဗုဒ္ဓတက္ကသိုလ်၊ ပြန်ကြားရေးဌာန ဖုန်း-၀၇၂-၂၁၆၁၁

(၃) သီတဂူဆရာတော်၊ ရန်ကုန်သီတဂူဓမ္မရိပ်သာ ဖုန်း-၀၁-၅၅၉၅၅၉

တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြပါသည်။

စေတီလေးပါး တစ်ပါးပါးကိုပူဇော်ခြင်းသည် အသက်ထင်ရှားမြတ်ဘုရားအား ပူဇော်သည်နှင့်တူ၏။

သီတဂူစန်းလပမာ ချမ်းမြသာယာရှိကြပါစေ။

စလင်းမြို့နယ်အသင်း နှစ်ပတ်လည်အစည်းအဝေး

ရန်ကုန် ဇန်နဝါရီ ၁၃

စလင်းမြို့နယ်အသင်း(ရန်ကုန်)၏ (၃၃)ကြိမ်မြောက် နှစ်ပတ်လည်အစည်း အဝေး၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် နိုင်ငံတော်မှ ဘွဲ့ထူးဂုဏ်ထူး ချီးမြှင့်ခံရသော ပုဂ္ဂိုလ်များအား ထပ်ဆင့်ဂုဏ်ပြုပွဲကို ဇန်နဝါရီ ၃၀ရက်(တနင်္ဂနွေ နေ့) နံနက် ၈နာရီတွင် ဗဟန်းမြို့နယ် အာဇာနည်လမ်း ရွှေတိဂုံဘုရားအရှေ့ ဘက်မုခ်ရှိ ဟိုတယ်ခရီး(စား/ဖျော်)ခန်းမဆောင်တွင် ကျင်းပမည်ဖြစ်သည်။

အသက်(၇၅)နှစ်ပြည့် အသင်းဝင်များ၊ ၂၀၀၄ခုနှစ် တက္ကသိုလ်ဝင်တန်း အောင် ဂုဏ်ထူးရအသင်းဝင်များ၏ သားသမီးများစာရင်းနှင့် အလှူငွေထည့်ဝင်လို သူများသည် ဒေါက်တာထွန်းဆိုင် ဖုန်း-၆၁၀၈၁၇၊ ၆၆၅၅၇၉၊ ဦးစန်းညိုအောင် ဖုန်း-၆၈၁၀၄၄၊ ၆၈၁၂၃၀၊ ဦးဝင်းလှိုင် ဖုန်း-၅၅၄၈၉၇၊ ၂၄၅၀၉၄၊ ဦးစိန်ဝင်းမော် ဖုန်း-၆၈၃၆၂၃၊ ဦးလင်းသက်မော် ဖုန်း-၀၉-၅၀၁၂၁၅၉နှင့် နီးစပ်ရာအမှုဆောင် များထံ ဆက်သွယ်ပေးပို့ကြရန်ဖြစ်သည်။

နှစ်ပတ်လည်အစည်းအဝေးသို့ အသင်းဝင်များနှင့် အသင်းမဝင်ရသေးသူ များပါ မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားထားသည်။ (ကြေးမုံ)

ပုဂံစူပါမတ်ကက်ဖွင့်လှစ် ဈေးနှုန်းချိုသာစွာရောင်းချ

ရန်ကုန် ဇန်နဝါရီ ၁၃

မြန်မာ့သမဝါယမ ရာပြည့်အထိမ်း အမှတ် ၂၀၀၅ကို ဂုဏ်ပြုသောအားဖြင့် ဗဟန်းမြို့နယ် ဆရာစံလမ်းနှင့် တက္ကသိုလ်ရိပ်သာ လမ်းထောင့်ရှိ ဆရာစံပလာဇာ မြေညီထပ်တွင် မြစိမ်းရှင် သမဝါယမအသင်းမှ ပုဂံ စူပါမတ်ကက်ကို ဇန်နဝါရီ ၅ရက်က စတင်ဖွင့်လှစ်ပြီး မြန်မာ့သမဝါယမ ရာပြည့် အထိမ်းအမှတ် ထုတ်ကုန်ပြပွဲ နှင့် အရောင်းပွဲတော် ၂၀၀၅နှင့်အတူ ကုန်ပစ္စည်းများကို ဈေးနှုန်းချိုသာစွာ ဖြင့် ရောင်းချလျက်ရှိသည်။**(အောက်ပုံ)**

နေ့စဉ်နံနက် ၉ နာရီမှ ည ၉ နာရီ အထိ ပိတ်ရက်မရှိ ဆက်လက်ရောင်းချ သွားမည်ဖြစ်သည်။ (က-ပ)

ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့် လူငယ်သင်တန်းကျောင်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၁၃

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့် သည် လူမှုဝန်ထမ်းဦးစီးဌာနမှ တာဝန် ရှိသူများ လိုက်ပါ၍ ဇန်နဝါရီ ၁၀ရက် တွင် လားရှိုးမြို့ရှိ လူငယ်သင်တန်း ကျောင်း၊ အမှတ်(၁) မူလတန်းကြို ကျောင်းနှင့် တွဲဖက်ပြည်နယ် လူမှု ဝန်ထမ်းရုံးတို့ကို သွားရောက်ကြည့်ရှု စစ်ဆေးပြီး ကလေးသူငယ်စောင့် ရှောက်ရေး၊ ဘိုးဘွားစောင့်ရှောက်ရေး၊ မူးယစ်ဆေးဝါးသုံးစွဲခဲ့သူများ ပြန်လည် ထူထောင်ရေးလုပ်ငန်းများနှင့်ပတ်သက် ၍ လိုအပ်သည်များကို ဖြည့်ဆည်း မှာကြားသည်။

ထို့နောက် လားရှိုးမြို့ မီးသတ် တပ်ဖွဲ့စခန်းကို ကြည့်ရှုစစ်ဆေးပြီး မီးသတ်ယာဉ်၊ မီးသတ်စက်များ ကြံ့ခိုင် ရေး၊ အသင့်ရှိရေး၊ တပ်ဖွဲ့ဝင်များ စွမ်းရည်မြှင့်တင်ရေးနှင့် မီးဘေး ကာကွယ်ငြိမ်းသတ်ရေး ကိစ္စများကို ဖြည့်ဆည်း မှာကြားသည်။

ဒုတိယဝန်ကြီးသည် ဇန်နဝါရီ ၁၂ရက် နံနက်ပိုင်းတွင် မန္တလေးမြို့ရှိ လူငယ်သင်တန်းကျောင်း၊ မူးယစ် ဆေးဝါးသုံးစွဲခဲ့သူများအား ပြန်လည် ထူထောင်ရေးစခန်း၊ အမျိုးသမီး သက်မွေး အတတ်ပညာသင်ကျောင်း နှင့် မူလတန်းကြိုကျောင်း အမှတ်(၂) တို့ကို ကြည့်ရှုစစ်ဆေး၍ **(အပေါ်ပုံ)** လိုအပ်သည်များကို ဖြည့်ဆည်းမှာကြား သည်။ (သတင်းစဉ်)

အထက(၃)သာကေတ အာစရိယပူဇော်မည်

ရန်ကုန် ဇန်နဝါရီ ၁၃

သာကေတမြို့နယ် အထက(၃) ကျောင်းသား၊ ကျောင်းသူဟောင်းများ က (၆)ကြိမ်မြောက် အာစရိယပူဇော်ပွဲ ကို ဖေဖော်ဝါရီ ၁၃ရက် (တနင်္ဂနွေ နေ့) မွန်းတည့်၁၂နာရီတွင် အထက(၃) သာကေတ (သီရိရတနာခန်းမ)၌ ကျင်းပမည်ဖြစ်ပြီး ဆရာ၊ ဆရာမကြီး များအတွက် အလှူငွေနှင့် ပစ္စည်းများ လှူဒါန်းလိုကြသူများသည် ဒေါ်ခင်အေး ကြူ ဖုန်း-၅၅၈၀၄၅နှင့် ဦးတင်မြင့် ဖုန်း-၂၄၅၆၂၀ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

တံခွန်တိုင်တောရကျောင်းတိုက် ပဋ္ဌာန်းပူဇော်မည်

ရန်ကုန် ဇန်နဝါရီ ၁၃

သာကေတမြို့နယ် (၁၀)တောင် (၁၂)ရပ်ကွက် တံခွန်တိုင်တောရ ကျောင်းတိုက်ကြီးတွင် အကြိမ်(၂၀) မြောက် ပဋ္ဌာန်းပူဇော်ပွဲကို အောင်စေတီ ဆရာတော်ကြီး ကြီးမှူး၍ တပည့် ဒါယကာ၊ ဒါယိကာမများက ဇန်နဝါရီ ၁၉ရက်မှ ၂၃ရက်အထိ ကျင်းပမည် ဖြစ်ရာ ပင့်သံဃာ ၄၅ပါးတို့က ပဋ္ဌာန်း တရားတော်မြတ်ကို ရွတ်ဖွားချီးမြှင့် ကြမည်ဖြစ်သည်။ ဇန်နဝါရီ ၁၉ရက် နံနက် ၇နာရီတွင် ပဋ္ဌာန်းဖွင့်ပွဲ ကျင်းပ ပြီး ဇန်နဝါရီ ၂၃ရက် မွန်းတည့်၁၂နာရီ ၌ ရေစက်ချမည်ဖြစ်ကြောင်း သိရ သည်။ (က-ပ)

ဥက္ကံအသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး

ရန်ကုန် ဇန်နဝါရီ ၁၃

ဥက္ကံမြို့မ လူမှုရေးအသင်း(ရန်ကုန်) ၏ နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး၊ ဘွဲ့ထူးဂုဏ်ထူးရ ပုဂ္ဂိုလ် များအား ဂုဏ်ပြုပွဲနှင့် ပညာရည်ချွန်ဆု ချီးမြှင့်ပွဲကို စမ်းချောင်းမြို့နယ် မြေနီ ကုန်း ပြည်လမ်းရှိ မစိုးရိမ် ဘုန်းတော် ကြီးကျောင်း ခန်းမ၌ ဇန်နဝါရီ ၂၃ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်ရာ အသင်းဝင်များနှင့် ရန်ကုန်ရောက် ဥက္ကံနယ်သူ၊ နယ်သား များ တက်ရောက်ရန် ဖိတ်ကြားထား သည်။ နိုင်ငံတော်မှ ဘွဲ့ထူး၊ ဂုဏ်ထူး ချီးမြှင့်ခြင်းခံရသော ဥက္ကံနယ်သူ၊ နယ်သားများနှင့် ၂၀၀၄ခုနှစ်တက္ကသိုလ် ဝင်စာမေးပွဲ၌ဂုဏ်ထူးဖြင့်အောင်မြင် သော အသင်းဝင်သားသမီးများ စာရင်း ကို ဥက္ကဋ္ဌ ဦးကြည်စိန် ဖုန်း-၅၄၂၅၂၁၊ ဒုတိယဥက္ကဋ္ဌ ဦးချူဝမ် ဖုန်း-၅၄၆၁၅၀၊ အတွင်းရေးမှူး ဦးမောင်မောင်သန်း ဖုန်း-၅၂၆၅၆၆တို့သို့ အကြောင်းကြား ရန် နှိုးဆော်ထားသည်။ (က-ပ)

ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့

ကမ္ဘာ့နိုင်ငံအကြီးအကဲများသဝဏ်လွှာပေးပို့

ရန်ကုန် ဇန်နဝါရီ ၁၃

ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ (၅၇)နှစ်မြောက်လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့လည်းကောင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးထံသို့လည်းကောင်း၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းထံသို့လည်းကောင်း ကမ္ဘာ့နိုင်ငံများမှ နိုင်ငံအကြီးအကဲများနှင့် ဝန်ကြီးချုပ်များက လွတ်လပ်ရေးနေ့သဝဏ်လွှာများ အသီးသီးပေးပို့ကြသည်။

ကုလသမဂ္ဂ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအာနန်ထံမှ ပေးပို့သော သဝဏ်လွှာတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယ၌ ဝမ်းမြောက်စွာ နှုတ်ခွန်း ဆက်သအပ်ပါကြောင်း။

စာမျက်နှာ ၉ ကော်လံ ၇ သို့ ✧

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ရန်ကုန်–မန္တလေး မြောက်လမ်းသွားလမ်းဖောက်လုပ်မှုနှင့် မိတ္ထီလာလွှင်ပြင် ရေရရှိရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၁၃

မန္တလေးတိုင်း မိတ္ထီလာမြို့တွင်ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ဌေးဦး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ ၁၁ရက်နံနက်ပိုင်းတွင် ရန်ကုန်–မန္တလေးလမ်း မိုင်တိုင်အမှတ်(၃၃၀/၄) ကန်တောင်ရွာအနီးသို့ ရောက်ရှိကြသည်။

မိတ္ထီလာမြို့ရှောင်လမ်း

ဆက်လက်၍ ကန်တောင်ရွာမှ မိတ္ထီလာ–သာစည်လမ်းရှိ ပျဉ်သာရွာအနီးသို့ ဆက်သွယ်ဖောက်လုပ်လျက်ရှိသည့် မိတ္ထီလာမြို့ရှောင်လမ်းသို့ရောက်ရှိကြပြီး လမ်းဖောက်လုပ်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ ယုဇနဟိုက်ဝေးကုမ္ပဏီလီမိတက် စီမံကိန်းဒါရိုက်တာ ဦးအောင်ဝမ်းက ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မိတ္ထီလာမြို့ရှောင်လမ်းအား စက်ယန္တရားများဖြင့် ဖောက်လုပ်နေမှုကိုစစ်ဆေးကြည့်ရှုပြီး

စာမျက်နှာ ၉ ကော်လံ ၁ သို့ ❍

မိတ္ထီလာမြို့ရှောင်လမ်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မိတ္ထီလာမြို့ရှောင်လမ်း ဖောက်လုပ်မှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားစဉ်။

(သတင်းစဉ်)

ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီနှင့် ဧည့်သည်ဝန်ကြီးများ ရခိုင်ကမ်းလွန်ဒေသ ကမ်းလွန်ရေနံရှာဖွေရေး တွင်းအမှတ်ရွှေ(၃)တွင်းတူးသဘော်လုပ်ငန်းဆောင်ရွက်မှုကြည့်ရှု

ရန်ကုန် ဇန်နဝါရီ ၁၃

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် မြန်မာ–ဘင်္ဂလားဒေ့ရှ်–အိန္ဒိယ သုံးနိုင်ငံ ရေနံနှင့် သဘာဝဓာတ်ငွေ့ အကျိုးတူပူးပေါင်းဆောင်ရွက်ရန်အတွက် ရန်ကုန်မြို့တွင်ရောက်ရှိနေသော ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ စွမ်းအင်နှင့် တွင်းထွက်အရင်းအမြစ်ဝန်ကြီးဌာန ဝန်ကြီး H.E. Mr. A.K.M. Mosharraf Hossain၊ **အိန္ဒိယသမ္မတနိုင်ငံ ရေနံနှင့် သဘာဝဓာတ်ငွေ့ဝန်ကြီးဌာန ဝန်ကြီး** H.E. Mr. Mani Shankar Aiyar **တို့နှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ရခိုင်ကမ်းလွန်ဒေသကမ်းလွန်ရေနံရှာဖွေရေးလုပ်ကွက်** Block A-1 **၌ တွင်းအမှတ် ရွှေ(၃)ကို တူးဖော်မည့်** Frontier Duchess **တွင်းတူးသဘော်ပေါ်သို့ သွားရောက်ကြည့်ရှုကြသည်။**

ဆွေးနွေးမေးမြန်း

ရှေးဦးစွာ Daewoo International Corporation E &P Myanmar မန်နေဂျင်း ဒါရိုက်တာ Dr. Su Yeong Yang က ရှာဖွေရေးတွင်းအမှတ်(၁)နှင့်

စာမျက်နှာ ၉ ကော်လံ ၁ သို့ ✻

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ ဘင်္ဂလားဒေ့ရှ်နိုင်ငံ စွမ်းအင်နှင့် တွင်းထွက် အရင်းအမြစ်ဝန်ကြီးဌာန ဝန်ကြီး H.E. Mr. A.K.M. Mosharraf Hossain၊ **အိန္ဒိယနိုင်ငံ ရေနံနှင့်သဘာဝဓာတ်ငွေ့ဝန်ကြီးဌာန ဝန်ကြီး** H.E. Mr. Mani Shankar Aiyar **တို့နှင့်အတူ ရခိုင်ကမ်းလွန်ဒေသ ကမ်းလွန်ရေနံရှာဖွေရေးလုပ်ကွက်** Block A-1 **တွင်းအမှတ် ရွှေ(၃)ကို တူးဖော်မည့်** Frontier Duchess **တွင်းတူးသဘော်ပေါ်သို့ သွားရောက်ကြည့်ရှုကြစဉ်။**

(စွမ်းအင်)